# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့ (5-3-2013) (၇၄၁၅)


**ယနေ့ မာတိကာ**

ရှားပါးသော မိုးဖြစ်ပြီး မြို့တစ်ခုလုံး စိမ်းစိုသာယာလှပသွားစေခဲ့သော မိုးဖြစ်

စာမျက်နှာ - ၈

KBS ရုပ်သံလိုင်း နှစ်(၄၀)ပြည့် အခမ်းအနားကျင်းပ

စာမျက်နှာ - ၁၂

ပရိမီယာလိဂ်ထိပ်တန်းလေးသင်းစာရင်းဝင်ဖို့ ခက်လာသည့် အာဆင်နယ်

စာမျက်နှာ - ၁၃

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံရောက်ရှိ ဩစတြီးယားရောက် မြန်မာတိုင်းရင်းသားမိသားစုများအား တွေ့ဆုံ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် ပြောကြား

နေပြည်တော် မတ် ၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၃ ရက် နံနက်ပိုင်းတွင် ဖင်လန်သမ္မတနိုင်ငံ ဟယ်လ်စင်ကီမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅ မိနစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဩစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာန အကြီးအကဲ သံအမတ်ကြီး Dr. Bettina Kimbauer နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုကြပြီး ခေတ္တတည်းခိုမည့် Hotel Imperial ၌ ဩစတြီးယားနိုင်ငံတွင် နေထိုင်ကြသည့် မြန်မာတိုင်းရင်းသားမိသားစုများနှင့် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာတိုင်းရင်းသား မိသားစုများအား တွေ့ဆုံနှုတ်ဆက်ပြီး အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာနှင့်လည်း ဆက်ဆံရေးကောင်းမွန်အောင်၊ ယခင်စီးပွားရေးပိတ်ဆို့ခဲ့မှုများအား ဖြေလျှော့ပေးလာသည်မှ လုံးဝ ပယ်ဖျက်သည်အထိ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများရှိပြီးဖြစ်ရာ မကြာမီရလဒ်ကောင်းများ ရရှိလာတော့မည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် မြန်မာနိုင်ငံသို့ပြန်လာပြီး နိုင်ငံနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဤနိုင်ငံတွင် နေထိုင်စဉ်ကာလအတွင်း မိမိတို့ဘဝတိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် အချင်းချင်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ် နေထိုင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာတိုင်းရင်းသားမိသားစုများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတသည် မွန်းလွဲပိုင်းတွင် ဗီယင်နာမြို့လယ်ရှိ ၁၁၄၇ ခုနှစ်က တည်ဆောက်ခဲ့သည့် St. Stephens

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား Verbund ကုမ္ပဏီ၏ ဒင်ညူမြစ်အောက်ပိုင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးအုပ်စု၏ အကြီးအကဲ Mr. Heinz Peter Allmer က ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းပြစဉ်။ (သတင်းစဉ်)



# တောင်သမန်နှင့် ဦးပိန်တံတား ကမ္ဘာလှည့်ခရီးသည်များလာရောက်မှုများပြား

မန္တလေး မတ် ၄

မန္တလေးမြို့ဝန်းကျင်ရှိ ခရီးသွားများလာရောက်မှုများပြားသောနေရာများတွင် တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် မြန်မာ့ရိုးရာချိတ် အဝတ်အထည်လုပ်ငန်းတို့ ပါဝင်သည်။ တောင်သမန်ဒေသသို့ လာရောက်လည်ပတ်ရာတွင် အမေရိကန်၊ ဗြိတိန်၊ နယ်သာလန်၊ ပြင်သစ်၊ ဩစတြေးလျနိုင်ငံများမှ အများဆုံးဖြစ်ပြီး အာရှတိုက်မှ ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုများပြားခြင်းကြောင့် ခရီးသွားများ၏ လုံခြုံရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပေးထားသော်လည်း ဦးပိန်တံတားပေါ်တွင် တောင်းရမ်းစားသောက်သူများ များပြားခြင်း၊ ကလေးများမှ ကမ္ဘာလှည့်ခရီးသည်များနောက် လိုက်လံတောင်းရမ်းခြင်းများသည် တိုင်းပြည် ဂုဏ်သိက္ခာကို ထိခိုက်စေသောကြောင့် တားမြစ်သင့်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက သုံးသပ်ပြောဆိုသည်။

**မောင်ပြည်သူ(မန္တလေး)**



# မြန်မာနိုင်ငံဘဏ် လေးဘဏ်အား အမေရိကန် ဘဏ္ဍာရေးဌာနမှ ငွေကြေးလွှဲပြောင်း ဆောင်ရွက်ခွင့်ပြုခြင်းအပေါ် ပုဂ္ဂလိကဘဏ်များကကြိုဆို

အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဌာနက မြန်မာနိုင်ငံ၏ ဘဏ်လေးခုဖြစ်သော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုး တိုးတက်ရေးဘဏ်၊ ဧရာဝတီဘဏ်တို့နှင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ဆောင်ရွက်ခွင့်ပြုသည့် အထွေထွေလိုင်စင်တစ်ရပ်ကို ထုတ်ပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က သတင်းထုတ်ပြန်ခဲ့ပါသည်။

ယင်းကဲ့သို့ သတင်းထုတ်ပြန်ခဲ့ခြင်းနှင့်ပတ်သက်၍ ပြည်တွင်း ပုဂ္ဂလိကဘဏ်များအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် ကမ္ဘောဇဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်၊ ပထမပုဂ္ဂလိကဘဏ်နှင့် ယူနိုက်တက်အမရာဘဏ် အစရှိသည့် ပြည်တွင်း ပုဂ္ဂလိကဘဏ်များအား အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဌာနက ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုအပါအဝင် အခြားနိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာ

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖


အသင့်တပ်ဆင်နိုင်သော အရည်အသွေးမြင့် U-PVC ပြတင်းပေါက်များ



- တပ်ဆင်ရလွယ်ကူ
- ရာသီဥတုဒဏ်ခံနိုင်
- ခြင်ဇကာတပ်ဆင်ပြီး
- ဆေးသုတ်ရန်မလိုပါ

ရရှိနိုင်သောဆိုဒ်များ
3' x 4'
4' x 3'
4' x 5'
4' x 6'

အထူးဈေး

1' ပတ်လည် 3,800 ကျပ်

၅စုံဝယ်လျှင် အရောက်ပို့ပေးမည်။

အရောင်းဆိုင်များအတွက် အထူးနှုန်းရှိသည်။

☎: 01 - 450 783, 09 - 4500 54449



အားသာချက် အဖွင့်အပိတ် ပေါ့ပါးစေရန် အထူးပြုလုပ်ထားသည်။

Imported by Mingalar Thamardi Co., Ltd.

**ကြေးမုံ စာတည်းရှုထောင့်** ၅-၃-၂၀၁၃ (အင်္ဂါနေ့)

# ကူညီပံ့ပိုးမှုများကို ရယူ

နိုင်ငံတော်သမ္မတကြီး၏ ဥရောပငါးနိုင်ငံခရီးစဉ်အတွင်း မတ်လ ၁ ရက်နေ့၌ ဖင်လန်နိုင်ငံ ဟယ်လ်စင်ကီမြို့သို့ ရောက်ရှိခဲ့စဉ်တွင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်သည့် လုပ်ငန်းများစွာရှိရာ ဖင်လန်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးနိုင်ပါကြောင်း ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့မှာ ရေမြေသဘာဝမတူညီသည့် မိုင်ပေါင်းထောင်ချီဝေးကွာသော အရပ်ဒေသများရှိ နိုင်ငံများဖြစ်သော်လည်း သံတမန်အဆက်အသွယ် ထူထောင်ထားနိုင်သည်မှာ နှစ်ပေါင်း ၆၀ ရှိပြီဖြစ်သည်။ သို့သော် နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ နှစ်ပေါင်း ၆၀ ကြာ အဆက်အသွယ်ပြတ်တောက်ခဲ့ရာ ယခုနိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်အကျိုးကျေးဇူးကြောင့် နှစ်နိုင်ငံဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာမည့် အလားအလာကောင်းများ မြင်တွေ့လာရပြီဖြစ်ရာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်သည်။

ယခု မြန်မာ-ဖင်လန် ဆက်သွယ်မှုစတင်နိုင်ပြီဖြစ်၍ လွတ်လပ်ရေးရပြီးစကာလကကဲ့သို့ ဆက်ဆံရေးကောင်းမွန်စေရန် မျှော်လင့်မိပါသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအနေအထားတွင် ဒီမိုကရေစီစနစ်ရှင်သန်ဖွံ့ဖြိုးစေရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို အချိန်တိုအတွင်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

အောင်မြင်သော ဒီမိုကရေစီခရီးလမ်းကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ရန်အတွက် နော်ဝေနိုင်ငံ၊ ဖင်လန်နိုင်ငံတို့ကဲ့သို့ ဒီမိုကရေစီခရီးလမ်း ချောမွေ့စွာလျှောက်လှမ်းနေသည့် နိုင်ငံများနှင့် ရင်းနှီးခင်မင်စွာ ဆက်ဆံပြီး ဝိုင်းဝန်းကူညီအားပေးမှုများကို မြန်မာနိုင်ငံပြည်သူများအနေဖြင့် မျှော်လင့်စောင့်စားရယူကြရမည်မှာ အမှန်ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်း ဖြစ်ပေါ်လာစေမည့် အနေအထားများကိုလည်း မိတ်ဆွေကောင်းနိုင်ငံများအဖြစ်ရပ်တည်ပြနိုင်မှုများက သက်သေပြလျက်ရှိသည်။ လက်တွေ့တွင် နော်ဝေနိုင်ငံခေါင်းဆောင်တို့အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပံ့ပိုးမှု ကတိကဝတ်များ ပေးထားပြီးဖြစ်သည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖင်လန်နိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှစ၍ အကူအညီပေးမည်ဟုသိရှိထားပြီးဖြစ်သည်။ မြန်မာနိုင်ငံအတွက် ယူရို ၆ ဒသမ ၅ သန်းကူညီရန်လည်း ကမ်းလှမ်းထားသည်။ ဖင်လန်နိုင်ငံသည် အိုင်စီတီနည်းပညာကဏ္ဍတွင် များစွာဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့ အိုင်စီတီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေသောနိုင်ငံအဖို့ များစွာအားတက်ဖွယ်ဖြစ်သည်။

အကယ်၍ ဖင်လန်နိုင်ငံအနေဖြင့် အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အကူအညီအထောက်အပံ့များ ပေးမည်ဆိုပါက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများဟု ဆိုရမည်ဖြစ်သည်။ မူလက နိုင်ငံရေးပုံစံမတူကွဲပြားသဖြင့် အလှမ်းဝေးခဲ့သော်လည်း ယခုအခါ ဒီမိုကရေစီအသွင်သဏ္ဌာန်တူညီမှု ရှိလာသဖြင့် အကူအညီများ ရရှိလာမည်မှာ မလွဲဧကန်အမှန်ဖြစ်ပေမည်။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ကပင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများမှာ ရပ်ဆိုင်းထား၍ မရသကဲ့သို့ နောက်ပြန်လှည့်၍လည်း မရကြောင်း ကတိပြုပြောကြားထားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရှေ့ခရီးမှာ ယခုကဲ့သို့ မိတ်ကောင်းဆွေကောင်းများလည်းရှိပြီး အနာဂတ်အတွက်လည်း အလားအလာကောင်းများလည်း ရှိပြီးဖြစ်၍ မဝေးတော့သည့် ကာလတွင် ဒီမိုကရေစီခရီးလမ်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် မိတ်ဆွေကောင်းနိုင်ငံများ၏ ပံ့ပိုးကူညီမှုများကို အမိအရ ရယူပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်သရော ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# လူမှုဖူလုံရေးဆေးကုသမှု တိုးတက်စေချင်

**အငြိမ်းစား ဝန်ထမ်းတစ်ဦး**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားများအတွက် ဆေးကုသမှုတိုးတက်စေရန် ရည်ရွယ်၍ ပြင်ပဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ ဆေးကုသမှုအဆင့်အတန်း တိုးမြှင့်ရန် ဖိတ်ခေါ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အငြိမ်းစားဝန်ထမ်းတစ်ဦးအနေဖြင့် တင်ပြလိုပါသည်။ လူမှုဖူလုံရေးအာမခံအလုပ်သမားများအနေဖြင့် ကုသရန် ဆေးရုံ၊ ဆေးခန်းများ ပိုမိုလာသဖြင့် ကြိုဆိုကြမည်မှာ မလွဲပင်ဖြစ်ပါသည်။ လူမှုဖူလုံရေးစီမံကိန်းသည် အာမခံအလုပ်သမားများ မွေးသည်မှသေသည်အထိ လူမှုဒုက္ခများနှင့် တွေ့ကြုံလာသည့်အခါ ထောက်ပံ့ရသည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ လူမှုဖူလုံရေးဆေးကုသမှုရည်ရွယ်ချက်မှာ အာမခံထားသူအလုပ်သမားများ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ ကုသနိုင်ရန်၊ ကျန်းမာရေးပြန်လည်ထူထောင်ပေးရန်နှင့် အလုပ်လုပ်နိုင်သည့် အင်အားကို ဖြည့်ဆည်းရန်အတွက် ဆေးကုသမှုစီမံထားရန် ဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေသည့် အလုပ်သမားများအား အဓိကထား ဆောင်ရွက်ပေးနေရပါသည်။ လက်ရှိ လူမှုဖူလုံရေးစီမံကိန်းတွင် မမာမကျန်းမှု၊ မီးဖွားမှု၊ အသုဘစရိတ်များကို ခံစားခွင့်ပြုနေသလို အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှုအတွက် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ အလုပ်ခွင် ထိခိုက်ဒဏ်ရာရမှု အကျိုးခံစားခွင့် ကျန်ရစ်သူပင်စင်များကို ခွင့်ပြုပေးလျက်ရှိပါသည်။ လူမှုဖူလုံရေးဥပဒေသစ်တွင် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများ၊ မိသားစုထောက်ပံ့မှုများ၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသည့်အခါ ထောက်ပံ့မှုများ၊ အလုပ်လက်မဲ့ထောက်ပံ့မှုများ၊ အိမ်ရာစီမံကိန်းများနှင့် အလုပ်တွင်ထိခိုက်ဒဏ်ရာရမှု အကျိုးခံစားခွင့်များပါဝင်လာပါမည်။

အကျိုးခံစားခွင့်များ တိုးချဲ့သလို အခြေခံလူတန်းစားများဖြစ်သည့် အလုပ်သမားများ၏ ဆေးကုသမှု အကျိုးခံစားခွင့်ကို အခမဲ့ဆောင်ရွက်ပေးရာတွင် ထိရောက်မှုရှိရန် လိုအပ်ပါသည်။ လူမှုဖူလုံရေးအဖွဲ့တွင် ဆေးပေးခန်း ၉၂ ခန်း၊ ဆေးရုံကြီး သုံးရုံရှိသော်လည်း အလုပ်သမားများ၏ ဆေးကုသမှုများ အကျိုးမရှိ၍ ယခုကဲ့သို့ ပြင်ပဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ ဆေးကုသမှုအစီအစဉ်ဆောင်ရွက်ခြင်းမှာ လူမှုဖူလုံရေးစီမံကိန်းဆေးကုသမှုကို ပြည်သူများအနေဖြင့် အမြင်တစ်မျိုးဖြစ်နိုင်ပါသည်။ လက်တွေ့တွင် လူမှုဖူလုံရေး ဆေးကုသမှုအဆင့်အတန်း၊ ဆေးဝါးအဆင့်အတန်း၊ ကုသသည့် အတတ်ပညာရှင်များ စသည်တို့မှာ ပြင်ပဆေးရုံ၊ ဆေးခန်းများထက် နိမ့်ကျနေလို့လား မေးခွန်းများထုတ်စရာ ဖြစ်လာပါမည်။ ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အလုပ်သမားဆေးရုံကြီးတွင် အလုပ်သမားများ တက်ရောက်ဆေးကုသရန် အတော်ကြိုးစားခဲ့ရပါသည်။ တက်ရောက်ဆေးကုသလိုသူများခဲ့ပါသည်။ အကြောင်းရင်းမှာ ဆေးရုံကြီးသည် သန့်ရှင်းသပ်ရပ်ခြင်း၊ ဆေးဝါးအဆင့်အတန်းမီခြင်း၊ ကုသသည့် အတတ်ပညာရှင်များက အလုပ်သမားများအား စေတနာအပြည့်ဖြင့် ရောဂါပျောက်သည်အထိ စိတ်ချမ်းသာစွာ ကုသနိုင်ခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ ယနေ့အချိန်ကာလလည်း ထိုကဲ့သို့ဆောင်ရွက်နိုင်ခြင်းမရှိသည်ဟု မဆိုလိုပါ။ ပြုပြင်ရမည့် ကိစ္စအချို့လည်း ရှိနေပါသေးသည်။

လူမှုဖူလုံရေးအဖွဲ့သည် ပြင်ပဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ အလုပ်သမားများကို ဆေးကုသမှုလုပ်ဆောင်ပါက အုပ်ချုပ်မှုလုပ်ငန်းများတွင် များစွာရှုပ်ထွေးလာစရာရှိနိုင်ခြင်း၊ မိမိတို့စီမံထားသည့် ဆေးရုံ၊ ဆေးခန်းများအပေါ်လည်းကောင်း၊ စေတနာထား၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအပေါ်လည်းကောင်း အလုပ်သမားများက ယုံကြည်မှုလျော့ပါးလာခြင်းများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါသည်။ လူမှုဖူလုံရေးအဖွဲ့ရန်ပုံငွေသည် အလုပ်သမား၊ အလုပ်ရှင်တို့မှ ကောက်ခံထားသည့် ထည့်ဝင်ကြေးငွေများ ဖြစ်ပါသည်။ မှန်မှန်ကန်ကန်အသုံးချပါက အကျိုးရှိနိုင်သလို ရည်ရွယ်ချက်ပျောက်ပါက မည်သူ့ကိုမျှ အကျိုးမရှိနိုင်ပါကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများတွင် ဆေးဝါးပစ္စည်းများပြည့်စုံစေခြင်း၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများ ခန့်ထားဆောင်ရွက်ခြင်း၊ အလုပ်သမားများအပေါ် စေတနာ၊ မေတ္တာထားဆောင်ရွက်ခြင်း စသည့် လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းဖြင့် လက်ရှိဆောင်ရွက်နေသည့် ဆေးကုသမှုလုပ်ငန်းကိုပင် ပြင်ပဆေးရုံ၊ ဆေးခန်းများကဲ့သို့ တိုးတက်အောင် ပြုပြင်ဆောင်ရွက်သင့်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းအပ်ပါသည်။ ။




# အုန်းတစ်ပင်မှ ထူးဆန်းစွာ ခုနစ်ပင်ထွက်



**ကျောင်းကုန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စု ရွာသာကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးသန်းဝင်းငွေ စိုက်ပျိုးထားသော အုန်းခြံမှ အုန်းပင်များအနက် အုန်းပင်တစ်ပင်မှာ အမြင့်ပေ ၄၀ ခန့်အရောက်တွင် ထူးဆန်းစွာ ယင်းအုန်းပင်ထိပ်မှ အုန်းပင်ပေါင်း ခုနစ်ပင် ရှယ်တူလှပဝေဆာစွာ ပေါက်လာပြီး ပေါက်လာသည့် အပင်ခုနစ်ပင်အနက် ညာဘက်ခြမ်း အပင်နှစ်ပင်မှာ တစ်နှစ်လျှင် တစ်ခိုင်သာသီးပြီး တစ်ခိုင်လျှင် လှပကြီးထွားသော အုန်းသီးလေးလုံးသီးကြောင်း သိရသည်။ **(ဝဲပုံ)**

**(၃၆၅)**











နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့လယ်ရှိ St. Stephens ဘုရားရှိခိုးကျောင်းကို သွားရောက်လေ့လာကြည့်ရှုစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဘုရားရှိခိုးကျောင်းနှင့် ဩစတြီးယား အနုပညာလက်ရာများကို ပြသထားသည့် Belvedere ရဲတိုက်တို့ကို သွားရောက်ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် Verbund ကုမ္ပဏီ၏ ဒင်ညူမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ရေအားလျှပ်စစ် ထုတ်လုပ်ရေး စက်ရုံသို့ရောက်ရှိရာ ဒင်ညူမြစ် အောက်ပိုင်း ရေအားလျှပ်စစ် ထုတ်လုပ်ရေးအုပ်စု၏ အကြီးအကဲ Mr. Heinz Peter Allmer က အဆိုပါရေအားလျှပ်စစ်စီမံကိန်းကို ၁၉၉၂ ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ အချိန်ယူတည်ဆောက်ခဲ့ရပြီး လျှပ်စစ်ဓာတ်အား ၁၇၂ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ကြောင်း၊ ဗီယင်နာမြို့ကို ဖြတ်သန်းစီးဆင်းနေသည့် ဒင်ညူမြစ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ဒင်ညူမြစ်သည် နိုင်ငံပေါင်း ၁၀ နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့် မြစ်ဖြစ်၍ နိုင်ငံတကာ ရေကြောင်းသွားလာသည့်လမ်းအဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် စီမံကိန်းတည်ဆောက်ရာတွင် မြစ်အတွင်း ရေကြောင်းသွားလာမှုကို မထိခိုက်စေရန် တွက်ချက်ဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် မြစ်အတွင်းရှိ ငါးများ လွတ်လပ်စွာ သွားလာနိုင်ရေးတို့အတွက်လည်း ထည့်သွင်းဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် မြစ်တွင်းသွား သဘော်များအတွက် ၂၄ မီတာအကျယ်၊ မီတာ ၃၀၀ အရှည်ရှိသည့် ရေလမ်းကြောင်းကို ထည့်သွင်းတည်ဆောက်ပေးထားရပါကြောင်း၊ အလားတူ ငါးများ မြစ်ညာဘက်သို့ ဆန်တက်နိုင်ရန်အတွက် ရေလမ်းလွှဲတစ်ခုကိုလည်း ဖောက်လုပ်ပေးခဲ့ရကြောင်း၊ ဩစတြီးယားနိုင်ငံပိုင်နက်အတွင်းရှိ ဒင်ညူမြစ်အပိုင်းတွင် ယခုပုံစံအတိုင်း ရေအားလျှပ်စစ်စီမံကိန်း (၉)ခု တည်ဆောက်ထားပြီး နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက် ၁၈ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ဩစတြီးယားနိုင်ငံ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက် ၆၈ ရာခိုင်နှုန်းကျော်ကို ရေအားလျှပ်စစ်မှ ရယူလျက်ရှိကြောင်း၊ ယခုကဲ့သို့ မြစ်တွင်းရေကြောင်းသွားလာမှုနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ဆောင်ရွက်ခဲ့သည့်အတွက် ဗီယင်နာမြို့နေ ပြည်သူလူထုများကလည်း စီမံကိန်းဆောက်လုပ်ရန် ထောက်ခံခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံတွင်လည်း နိုင်ငံ၏လျှပ်စစ်စွမ်းအင်လိုအပ်ချက်များကို ရေအားလျှပ်စစ်မှ ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ယခင်လုပ်ဆောင်ခဲ့သည့် ရေအားလျှပ်စစ် စီမံကိန်းများသည် တာတမံအမြင့်များဖြင့် ရေသိုလှောင်သည့်စနစ်ကို ကျင့်သုံးခဲ့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ များပြားခဲ့ကြောင်း၊ ထို့ပြင် ရေဝပ်ဧရိယာအတွင်းရှိ ကျေးရွာများကိုရွှေ့ပြောင်းပေးရသဖြင့် လူမှုစီးပွားရေးအရ ထိခိုက်နစ်နာမှုများ ရှိခဲ့ရကြောင်း၊ အလားတူ စီမံကိန်းများကို တောတောင်ထူထပ်သည့်နေရာများတွင် တည်ဆောက်ရခြင်းကြောင့် မဟာဓာတ်အားလိုင်းကြီးများကိုလည်း မိုင်ပေါင်းများစွာ ငွေကြေးကုန်ကျခံ၍ သွယ်တန်းခဲ့ရကြောင်း၊ အကယ်၍ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်မြစ်ကြီးများတွင် ယခုနည်းစနစ်ကို အသုံးပြုပြီး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ထိခိုက်မှု အနည်းဆုံးဖြင့် ပြည်သူများ လိုအပ်သည့်လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဩစတြီးယားနိုင်ငံ၌ အသုံးပြုနေသည့်နည်းပညာဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်စွမ်းရှိ၊ မရှိကို လေ့လာမှုများပြုလုပ်လိုကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဒင်ညူမြစ်နှင့် ဆက်သွယ်ထားသော တူးမြောင်းပေါ်တွင် တည်ဆောက်ထားသည့် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံတွင် နေထိုင်ကြသည့် မြန်မာတိုင်းရင်းသားမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။** (သတင်းစဉ်)



Panasonic ၏နေရောင်ခြည်စွမ်းအင်သုံး Solar မီးအိမ်များအားလူမှုအဖွဲ့အစည်းများသို့လှူဒါန်းပွဲ





အခမ်းအနားသို့ ဖိတ်ကြားထားသောဧည့်သည်တော်များ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။ Panasonic ၏ အာရှပစိဖိတ်ဒေသမှ မန်နေးဂျင်း ဒါရိုက်တာ Mr. Yorihisa Shiokawa က အဖွင့်အမှာစကားပြောကြားခဲ့ပြီး Panasonic's CSR & Citizenship Group ၏ အထွေထွေ မန်နေဂျာ Ms. Michiko Ogawa မှ Panasonic's CSR & Citizenship Group ၏ လူပ်ရှားမှုများအကြောင်းနှင့် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ Panasonic နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ်များကို ပညာရေးနှင့် ကျန်းမာရေးဆိုသည့် အဓိကနယ်ပယ်နှစ်ခုအပြင် အခြားနယ်ပယ်များအတွက်ပါ ဖြည့်ဆည်းပေးနိုင်ရန် မျှော်လင့်ထားပါသည်။ ထိုမှတစ်ဆင့် လူမှုဆိုင်ရာ အကျိုးပြုမှုများစွာကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် လျှပ်စစ်လုံလောက်စွာ မရရှိသေးသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူနေမှုဘဝတိုးတက်ရန်နှင့် အမျိုးမျိုးသော လူမှုအခက်အခဲများကို ကူညီရန် Panasonic ကုမ္ပဏီသည် ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ် အတွင်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ်ပေါင်း ၁၀၀,၀၀၀ ကို လှူဒါန်းရန် စီစဉ်ထားပါသည်။ ယင်းအခမ်းအနားတွင် Panasonic မှ လူမှုအဖွဲ့အစည်း (၄) ခုဖြစ်သည့် Myanmar Red Cross Society, Greater Mekong Initiative (NPO), Japan Heart (INPO), Bridge Asia Japan (NGO) များသို့ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ် အလုံးရေ ၃,၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

22nd February, 2013 (Friday)











Sedona Hotel, Yangon

နိုင်ငံတကာသတင်း

# ဆင်စွယ်ကုန်သွယ်မှုလုပ်ငန်းများ အဆုံးသတ်ရေး ကြိုးပမ်းဆောင်ရွက်ရန် ထိုင်းဝန်ကြီးချုပ် ကတိပြု

ဗန်ကောက် မတ် ၄

ထိုင်းနိုင်ငံအတွင်း ဆင်စွယ်ကုန်သွယ်မှု အဆုံးသတ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်က မတ် ၃ ရက်တွင် ကတိပြုလိုက်သည်။

ထိုင်းနိုင်ငံကိုဖြတ်သန်း၍ ဆင်စွယ်မှောင်ခိုထုတ်မှု ပြဿနာ ဆိုးဆိုးရွားရွားဖြစ်ပေါ်ခဲ့ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက ဝန်ကြီးချုပ်၏ ကတိကဝတ်ပြုမှုကို ကြိုဆိုကြသည်။

**ပြင်ဆင်ပြောင်းလဲ**

ဆင်စွယ်မှောင်ခို ရောင်းဝယ်မှုလုပ်ငန်းများ အဆုံးသတ်စေရေး ရည်မှန်းချက် ပေါက်မြောက်အောင်မြင်စေရန် သက်ဆိုင်ရာဥပဒေများကို ပြင်ဆင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း ရင်လပ်က ပြောကြားသည်။ သို့ရာတွင် ဥပဒေပြင်ဆင်ချက်များပြုလုပ်ရေးနှင့်ပတ်သက်၍ အချိန်ဇယားသတ်မှတ်ချက်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

**ခွင့်ပြု**

ထိုင်းနိုင်ငံ၌ မွေးမြူထားသော အာရှဆင်မျိုးမှ ဆင်စွယ်များကို တရားဝင် ရောင်းဝယ်ခွင့်ပြုထားသည်။ သို့ရာတွင် မှောင်ခိုထုတ်သူများက အာဖရိကဆင်မျိုးမှ ဆင်စွယ်များကို မှောင်ခိုဈေးကွက်တွင် ရောင်းဝယ်လျက်ရှိသည်။ ဆင်စွယ်မှောင်ခိုရောင်းဝယ်မှုဈေးကွက် တည်ရှိနေခြင်းကြောင့် နှစ်စဉ် ဆင်ကောင်ရေ ထောင်ပေါင်းများစွာ သတ်ဖြတ်ခံနေရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ပြောကြားကြသည်။ **ဆင်ဟွာ။**





ထိုင်းအကောက်ခွန် အာဏာပိုင်များ သိမ်းဆည်းရမိသော ဆင်စွယ်များကို ကြည့်ရှုနေစဉ်။

# အယ်လ်ခိုင်ဒါခေါင်းဆောင်ဟောင်း စစ်သွေးကြွတစ်ဦးအား မာလီနိုင်ငံတွင် ချဒ်တပ်ဖွဲ့ဝင်များက နှိမ်နင်း

ပါရီ မတ် ၄

အစ္စလာမ္မစ် စစ်သွေးကြွတစ်ဦးဖြစ်သူ မော့ခ်တာဘဲလ်မော့ခ်တာအား ချဒ်တပ်ဖွဲ့ဝင်များက မာလီနိုင်ငံတွင် နှိမ်နင်းခဲ့ကြောင်း ချဒ်လက်နက်ကိုင်တပ်ဖွဲ့က မတ် ၃ ရက်တွင် ပြောကြားသည်။



မာလီနိုင်ငံတွင် ပြင်သစ် ဦးဆောင်သော နိုင်ငံတကာ တပ်ဖွဲ့များနှင့် အတူ စစ်ရေး အရ ဆောင် ရွက် နေ သည့် ချဒ်တပ်ဖွဲ့ဝင်များ အား တွေ့ရစဉ်။

ယင်းသေဆုံးမှုသတင်းကို ချဒ်အစိုးရရုပ်သံသတင်းတွင် ထုတ်လွှင့်ခဲ့ပြီး အခြားသောသတင်းရင်းမြစ်များကမူ အတည်ပြုခြင်း မရှိသေးပေ။ မော့ခ်တာဘဲလ်မော့ခ်တာသည် ဇန်နဝါရီလအတွင်းက ဖြစ်ပွားခဲ့သည့် ဓားစာခံ ၃၇ဦး သေဆုံးခဲ့ရသော အယ်လ်ဂျီးရီးယားနိုင်ငံပိုင် ဓာတ်ငွေ့စက်ရုံအား စီးနင်းတိုက်ခိုက်မှုကို အမိန့်ပေးခဲ့သူ အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင်ဟောင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ချဒ်တပ်ဖွဲ့ဝင်များသည် မာလီနိုင်ငံတွင် အစ္စလာမ္မစ် စစ်သွေးကြွများ ပြင်သစ်နိုင်ငံက ဦးဆောင်တိုက်ခိုက်နေသော နိုင်ငံတကာတပ်ဖွဲ့များတွင် ပါဝင်တိုက်ခိုက်လျက်ရှိသည်။

ပြင်သစ်သမ္မတရုံး၏ ထုတ်ပြန်ချက်အရ မတ် ၂ရက်တွင် မာလီနိုင်ငံမြောက်ပိုင်း၌ ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး ယင်းမှာ ယခုနှစ် ဇန်နဝါရီ ၁၁ရက်က ပြင်သစ်တပ်ဖွဲ့ဝင်များ မာလီနိုင်ငံတွင် ဝင်ရောက်စွက်ဖက်ပြီး ကတည်းက တတိယမြောက်သေဆုံးခဲ့သော ပြင်သစ်တပ်ဖွဲ့ဝင်ဖြစ်ကြောင်း ဖော်ပြသည်။ **ရိုက်တာ။**

# မလေးရှားနိုင်ငံ ဆာဘားပြည်နယ်တွင် ချုံခိုတိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကွာလာလမ်ပူ မတ် ၄

မလေးရှားနိုင်ငံ ဆာဘားပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆူလူသေနတ်သမားများအကြား လိပ်ခဲတည်းလည်းအခြေအနေ ဆက်လက်ဖြစ်ပွားနေစဉ် ချုံခိုတိုက်ခိုက်မှုဖြစ်ပွားသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း မတ် ၃ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

မတ် ၂ ရက် ညနေပိုင်းက ဆာဘားပြည်နယ် ဆမ်ပေါ်နာကျေးရွာတွင် အမည်မသိ သေနတ်သမားများက ရဲတပ်ဖွဲ့ဝင်များ စစ်ဆင်ရေးပြုလုပ်နေစဉ် ချောင်းမြောင်း ပစ်ခတ်ခံရကြောင်း၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ဆာဘားပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ ဟမ်ကာတစ်ဘ်၏ ပြောကြားချက်ကို ထုတ်လွှင့်သည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလူဒေသမှ ကျူးကျော်ဝင်ရောက်သူ ၁၀ ဦးခန့်ပါဝင်သော အုပ်စု၏လက်ချက် ဟုတ်၊ မဟုတ် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**












# ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၄

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မတ် ၁ ရက်မှ ၃ ရက်အထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။** (အောက်ပုံ)



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မတ် ၁ ရက် နံနက်ပိုင်းတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး၏ နယ်မြေအခြေအနေ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအနေဖြင့် တာဝန်ကျရာအပိုင်းမှ စေတနာဖြင့် နိုင်ငံ့ဝန်ထမ်းပီပီ အဂတိတရား(၄)ပါး ရှောင်ရှား၍ ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား ဆောင်ရွက်ရန်မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂ ရက်တွင် ကျောက်တော်မြို့နယ်အတွင်းရှိ တောင်ဘွေကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ နေထိုင်စားသောက်မှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို မေးမြန်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား ညှိနှိုင်းမှာကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ယင်းနောက် မြောက်ဦးမြို့အတွင်း လှည့်လည်ကြည့်ရှုပြီး မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ယင်းမှတစ်ဆင့် မြောက်ဦးမြို့နယ်အတွင်းရှိ ပုရိန်ဒုက္ခသည်စခန်းနှင့် ယိုင်သည်ဒုက္ခသည်စခန်းသို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ အသက်မွေးဝမ်းကျောင်းမှု အခြေအနေနှင့် အခက်အခဲများကို မေးမြန်း၍ ဆောင်ရွက်ပေးမည့် အစီအမံများကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော ချောင်းကူးတံတား ဆောက်လုပ်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ကျေးရွာလူကြီးများထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မင်းပြားမြို့နယ် သေကံကျေးရွာ၌ လာရောက်ခိုလှုံနေသော ဆတ်ရုံမော်ကျေးရွာနေ တိုင်းရင်းသားမိသားစု ၃၁ စုနှင့်လည်းကောင်း၊ စမ္ဘာလေဒုက္ခသည်စခန်း၌ ဒုက္ခသည်များနှင့် လည်းကောင်း တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၃ ရက်တွင် မြေပုံမြို့ရှိ ဒုက္ခသည်စခန်းနှစ်ခုသို့ ရောက်ရှိပြီး ဒုက္ခသည်များ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု အခြေအနေ၊ မိုးမကျမီနေထိုင်မှု အဆင်ပြေစေရေး ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းမှာကြား၍ ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ယင်းနောက် မြေပုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးမှု နောက်ကျမကျန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကောင်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရေး အကြံပြုချက်များ ရယူလိုကြောင်း ပြောကြားသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာများ၏ အခန်းကဏ္ဍအရေးကြီးပုံ၊ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများဖြစ်၍ ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရက ပေးအပ်သော တာဝန်များကို ပြည်သူလူထုအကျိုးအတွက် စိတ်ထားဖြူစင်စွာဖြင့် စွမ်းဆောင်ပေးနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်စေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းသာယာရေးကိုလည်း ပြည်သူလူထုဆန္ဒနှင့်အညီ အကောင်းဆုံးဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းအဖြေရှာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းမှာကြားခဲ့သည်။

ယင်းနောက် ပေါက်တောမြို့နယ်အတွင်းရှိ ကြိမ်နီပြင်ဒုက္ခသည်စခန်းသို့ သွားရောက်ပြီး ဒုက္ခသည်စခန်းတွင် ရောက်ရှိနေသော ကြိမ်နီပြင်၊ ကွမ်းသီးပတ်၊ ဆူလီဖက်ရန်၊ မင်းသားဖရွာများမှ ဒုက္ခသည်များနှင့် တွေ့ဆုံ၍ နေထိုင်စားသောက်မှု အခြေအနေနှင့် ကျန်းမာရေးအခြေအနေ၊ အသက်မွေးဝမ်းကျောင်းမှု ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းနှင့် လိုအပ်ချက်တို့ကို မေးမြန်း၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ညနေ ၄ နာရီတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြသော ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးမှုအခြေအနေများအရ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အတွက် လိုအပ်နေသေးသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဆောင်ရွက်ပေးနိုင်မည့် အစီအမံနှင့် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့က ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် အပိုင်းတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးပေးကြရန် မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်စနစ်နှင့်အညီ မိမိတို့ ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဧရာဝတီတံတား (ပခုက္ကူ) ရေလမ်းကြောင်းပြောင်းလဲမည်

**ရန်ကုန် မတ် ၄**

ဧရာဝတီတံတား(ပခုက္ကူ) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၅)နှင့် (၁၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆)နှင့် (၁၇)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၆ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၄)နှင့် (၁၅)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၂ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် ထြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန် ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## ပြည်တွင်းခရီးစဉ်များ အထူးနှုန်းဖြင့် ပြေးဆွဲ

**မန္တလေး မတ် ၄**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက ပြည်တွင်းလေကြောင်း ခရီးစဉ်များအား ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ အထူးနှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။ မန္တလေး-ရန်ကုန် ခရီးစဉ်အား ကျပ် ၂၅၀၀၀ ဖြင့် တနင်္လာ၊ အင်္ဂါ၊ သောကြာနေ့များတွင် ပြေးဆွဲပေးလျက်ရှိသည်။ အလားတူ မန္တလေးမှ မြစ်ကြီးနား ကျပ် ၅၃၀၀၀ ၊ မန္တလေးမှ ဗန်းမော် ကျပ် ၄၃၀၀၀၊ မန္တလေးမှ ခန္တီး ကျပ် ၆၀၀၀၀၊ မန္တလေးမှ ဟုမ္မလင်း ကျပ် ၆၃၀၀၀၊ မန္တလေးမှ ကလေး ကျပ် ၄၅၀၀၀၊ မန္တလေးမှ ကျိုင်းတုံ ကျပ် ၇၅၀၀၀၊ မန္တလေးမှ တာချီလိတ် ကျပ် ၇၅၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိရာ မန္တလေးမြို့ မြန်မာ့လေကြောင်းရုံး (၈၁)လမ်း၊ (၂၅)လမ်းနှင့် (၂၆)လမ်းကြား အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၆၂၂၂ သို့ ဆက်သွယ်၍ လက်မှတ်များအလွယ်တကူ ဝယ်ယူနိုင်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**



**မှတ်တိုင်တွင် ယာဉ်စောင့်နေသည့် ခရီးသွားများနားခိုရာ ကားမှတ်တိုင်၌ နားခိုခွင့်မရှိမဖြစ်လိုအပ်လျက်ရှိရာ မြောက်ဥက္ကလာခြောက်ကွေ့ C.N.G ဂက်စ်ဆိုင်ဘေး သုမင်္ဂလာလမ်းမပေါ်ရှိ ခရီးသည် ကားမှတ်တိုင်အားလမ်းဘေးဈေးရောင်းသူတစ်ဦးမှ အရောင်းဆိုင်ခန်းသဖွယ် ကာရံပြီး ဖရဲသီးအရောင်းဆိုင်ဖြစ်နေသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။**
(ထွန်းဝင်း)

"စိန်ရွှေပွား" အထည်အလိပ်မျိုးစုံရောင်းဝယ်ရေး
* ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းသုံး ၁၀၀% ချည်သား အိပ်ယာခင်းဖြူ မျိုးစုံ
* Heart to Heart® အရည်အသွေးကောင်း အိပ်ယာခင်း၊ ခေါင်းအုံးစွပ်၊ ဖက်လုံး
* ရွှေမောင်နှံ® ခန်းဆီးလိုက်ကာ {မြန်မာပြည်တွင် ဂုဏ်ယူစွာ ချုပ်လုပ်သည်။}
အထူးနှုန်း ၁၀၀%ချည်အိပ်ယာခင်းဖြူ (၁)ယောက်အိပ် ၆' × ၉½' = ၅၉၉၀/-
(၂)ယောက်အိပ် ၈' × ၈½' = ၇၇၇၀/- ၊ ၈½' × ၉½' = ၈၈၈၀/-
ဝယ်ယူအားပေးသူမိဘပြည်သူများ စိန်ရွှေ ရတနာဒီရေအလားတိုး ပွား ကြပါစေ။
ဆိုင်(၁)-အမှတ် (၃၆၀)၊ B ရုံ၊ သိမ်ကြီးဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၂၀ ၆၁ ၆၂
ဆိုင်(၂)-အမှတ် (၁၅၄/၁၅၆)မြေညီ၊ ဗညားဒလလမ်း၊ မင်္ဂလာဈေးမီးပွိုင့်အနီး၊ ဖုန်း-၂၀၆ ၂၃၄
၀၉ ၅၀ ၂၂ ၆၀၃ ၊ ၀၉ ၈၆ ၁၇ ၁၉၈

မလေးရှား၊ စင်ကာပူ
(၆)ညအိပ် (၇) ရက်ခရီးစဉ်
Apr 12 to Apr 18-2013
ဘန်ကောက်၊ ပတ္တရား (၄)ညအိပ်(၅)ရက်ခရီးစဉ်
Apr 12 to Apr 16-2013
(၄)ညအိပ် (၅)ရက်ခရီးစဉ် မလေးရှား
Apr 12 to Apr 16-2013
မြန်မာ့နှစ်သစ်ကူး သင်္ကြန်အထူးအစီအစဉ်
AYARWADDY LEGEND
TRAVELS & TOURS
Apr 12 to Apr 17-2013
(၅)ညအိပ် (၆)ရက်ခရီးစဉ် အင်ဒိုနီးရှား
Apr 11 to Apr 18-2013
(၇)ညအိပ် (၈)ရက်ခရီးစဉ် ကိုရီးယား
အမှတ်-၁၀၄၊ ၃၇ လမ်း၊ အောက်ဘလောက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၄၂၀၀၇/၈၊ ၃၉၈၃၀၃၊ ၃၇၇၆၉၇၊ ၂၄၀၉၀၉
မန္တလေးရုံးခွဲဖုန်း - ၀၉၄၀၂၆၄၈၄၊ ၀၉၈၆၀၀၂၁၈၊ ၀၁၁၂၀၁၂၄၃

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားကာကွယ်ရေးဝန်ကြီးအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားကာကွယ်ရေးဝန်ကြီးနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ **(သတင်းစဉ်)**

**နေပြည်တော် မတ် ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ရှေ့၌ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှ၄ှေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားကာကွယ်ရေးဝန်ကြီးနှင့်အတူ ရုရှားကာကွယ်ရေး ဒုတိယဝန်ကြီး Mr. Anatoly I. ANTONOV၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ Lieutenant General Igor D. SERGUN နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Vasiliy B. POSPELOV နှင့် စစ်သံမှူး Colonel Vasiliy I. SAVENKOV တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရုရှားကာကွယ်ရေးဝန်ကြီးသည် ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပမည့် ဇေယျာသီရိဗိမာန်ရှေ့သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ရုရှားကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် တပ်မတော် စစ်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများအား ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် ရုရှားကာကွယ်ရေးဝန်ကြီးသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU အား လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဆွေတော်၏ ခရီးစဉ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့်မြောက်ချိန်တွင် လာရောက်ခြင်းဖြစ်၍ ထူးခြားသောခရီးစဉ်ဖြစ်ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် ရုရှားကာကွယ်ရေးဝန်ကြီး မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့ပြီး ယခု နှစ်ပေါင်း(၅၀)ကြာချိန်တွင် ဒုတိယအကြိမ် ထပ်မံလာရောက်ခြင်းသည် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်၍ ဝမ်းမြောက်မိပါကြောင်း။

ရုရှားနိုင်ငံက မြန်မာနိုင်ငံအား ဖွံ့ဖြိုးရေးအကူအညီများစွာပေးခဲ့သည့်အတွက် နိုင်ငံအနေဖြင့်ရော မြန်မာ့တပ်မတော်အနေဖြင့်ပါ ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ဖြစ်ပေါ်တိုးတက်မှုများသည် ရုရှားနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ဒွန်တွဲလျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ အပြန်အလှန် ချစ်ကြည်ရေးခရီးလည်ပတ်ရုံသာမက အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများပါလိုအပ်ပါကြောင်း၊ အားကစားအဖွဲ့များ အပြန်အလှန်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်နိုင်မည် ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းလျက်ရှိကြသော်လည်း နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အခြေအနေများအရ ဒေသအလိုက် မတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ စစ်ကို မလိုလားပါဆိုသော်လည်း မယုံသင်္ကာမှုများကြောင့် နိုင်ငံကာကွယ်ရေးအတွက် ပြင်ဆင်မှုများရှိနေကြ၍ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရုရှားနိုင်ငံကဲ့သို့ အင်အားကြီးနိုင်ငံများက လိုအပ်သည့်ဘက်မှ ကူညီမှုများ ပေးစေလိုပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို သက်ရောက်မှုရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ရုရှားနိုင်ငံရှိ အဓိကအဆင့်မြင့်တက္ကသိုလ်များတွင် ပညာသင်ကြားခွင့်ပေးခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တိုးတက်စေသည့်ပြယုဂ်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးက မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ကောင်းမွန်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်စေရန်အတွက် အထက်အောက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ကောင်းမွန်သော အချိန်အခါသမယဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံ စစ်ဘက်နည်းပညာသာမက စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်များတွင်ပါ ပူးပေါင်းဆောင်ရွက်ပါက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာ-ရုရှား နှစ်နိုင်ငံ ကြီးမားကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ နှစ်နိုင်ငံချစ်ကြည်ရေး အဓွန့်ရှည်မည်ဟု ယုံကြည် ဆုတောင်းပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်ပွင့်လင်းလင်း ထိတွေ့ပြောဆိုဆက်ဆံမှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ MOSCOW State University တွင် ပညာသင်ကြားနိုင်ရေး ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအား ဘက်ပေါင်းစုံမှ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါကြောင်းဖြင့် ပြန်လည် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၄**

မြစ်ကြီးနားမြို့ရှိ နန်းကွေ့ဗဟိုစိုက်ပျိုးရေးခြံ၌ စိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးမှု၊ မြစ်ကြီးနား-နမ္မတီး-မိုးကောင်းလမ်းပိုင်း အထက်မော်ဖောင်းကျေးရွာ မိုင်တိုင် အမှတ်(၂၈၀/၆)နှင့် (၂၈၀/၇)အကြား ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ ရှဒေါင်ကျေးရွာ နန်ပေါင်ချောင်းကွင်းလမ်းအား ကျောက်ချောလမ်းနှင့် တံတားများတည်ဆောက်ပြီးစီးမှု၊ ရွက်လှမြိုင်မှ နန်းကွေ့ကျေးရွာအထိ ကတ္တရာခင်းနေမှု၊ နန်းကွေ့ချောင်းကူး (ရွှေအိုက်) တံတားပြုပြင်ပြီးစီးမှု၊ မြစ်ကြီးနား-နောင်ပုံ-ပိုးစာခြံ ဆက်စပ်လမ်းပိုင်း၌ လမ်း/တံတားများ ဆောင်ရွက်ပြီးစီးမှု၊ မဥ္ဇူသာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပလန(၁)မှ ပလန(၄)အထိ ငါးမိုင် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်မည့် မြေနေရာအား စက်ယန္တရားများဖြင့် မြေယာဖော်ထုတ်နေမှုတို့ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် မတ် ၂ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြစ်ကြီးနားတက္ကသိုလ် ဆွမ်ပရာဘွမ်ဆောင်နှင့် ခါကာဘိုဆောင်ဖွင့်ပွဲအခမ်းအနားကို ညနေ ၅ နာရီတွင် အဆိုပါတက္ကသိုလ် ဆွမ်ပရာဘွမ်ဆောင်မြက်ခင်းပြင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်၍ အဆောင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမှာစကားပြောကြားပြီး တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးကိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဆွမ်ပရာဘွမ်ဆောင်နှင့် ခါကာဘိုဆောင်တို့တွင် Sky Net နှင့် TV များ လှူဒါန်းသည့် အလှူရှင်များအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဆွမ်ပရာဘွမ်ဆောင် မယ်ရွေးချယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံက ဆုများချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွမ်ပရာဘွမ်ဆောင်နှင့် ခါကာဘိုဆောင်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# လွှတ်တော်ရေးရာကဏ္ဍ

## ❒ ပြည်သူ့လွှတ်တော်မှ

ဆေးဝါးကွပ်ကဲရေးဌာနက သတင်းထုတ်ပြန်မှုများရှိသော်လည်း ထိရောက်မှု နည်းပါးသဖြင့် အန္တရာယ်ဖြစ်စေသည့် အရာများ ပိုမိုများပြားလာနေသည့် ကိစ္စနှင့်စပ်လျဉ်း၍ မေးမြန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျန်းမာရေးဦးစီးဌာနအောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနတွင် ခွင့်ပြုဖွဲ့စည်းပုံဝန်ထမ်းအင်အား(၁၁၄)ဦးသာရှိပါသဖြင့် မြန်မာနိုင်ငံ လူဦးရေသန်းပေါင်း (၆၀)ကျော်အား အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေး အကာအကွယ်ပေးနိုင်ရန် လက်ရှိ ဝန်ထမ်းအင်အားနှင့် အလုံးစုံ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မှုအားနည်းလျက်ရှိပါသဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနကို သီးခြားဌာနကြီး တစ်ခုအဖြစ် ဝန်ထမ်းအင်အား(၆၀၀)ကျော်ဖြင့် ဦးစီးဌာန အဆင့်တိုးမြှင့်၍ တိုးချဲ့ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံများ ပေးပို့ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုအား အန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းများ လျော့နည်းပပျောက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်လျက်ရှိသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စစ်ဆေးဖော်ထုတ်နိုင်ရေး အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဖြေကြားချက်နှင့် စပ်လျဉ်း၍ မေးခွန်းရှင် မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းက "ပြည်သူကိုအန္တရာယ်ဖြစ်စေတဲ့ အစားအသောက်ဆေးဝါးတွေဟာ ဈေးကွက်ထဲမှာ ကျယ်ပြန့်စွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ အဲဒီမှာအရေးယူမှု ထိရောက်ခြင်းမရှိသေးဘူးဆိုတာကို တွေ့နိုင်ပါတယ်။ နေ့စဉ်ဈေးကွက်ထဲမှာ တားမြစ်ဆိုးဆေးများပါဝင်တဲ့ အစားအသောက်တွေ၊ သီးနှံတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ စံချိန်မမီဆေးဝါးတွေ၊ အသင့်စားသုံးနိုင်သော သရေစာတွေ၊ ကြာရှည်ခံပြုလုပ်ထားတဲ့ အစားအစာတွေကို ထိရောက်စွာတားမြစ်၊ အရေးယူပိတ်ပင်မှုများပြုလုပ်ဖို့ များစွာလိုအပ်နေသေးပါတယ်။ ဒဏ်ငွေတစ်ခုတည်းနဲ့ မလုံလောက်ဘဲ ထိရောက်တဲ့ပြစ်ဒဏ်တွေ ချမှတ်အရေးယူသင့်ပါတယ်။ အခုဖွဲ့စည်းလာမယ့် မြို့နယ်/ရပ်ကျေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများရဲ့ အကူအညီကိုယူ၍ ကျယ်ပြန့်ထိရောက်စွာ အရေးယူတားမြစ်မှုတွေ ပြုလုပ်သင့်ပါတယ်။ ပေါ်ပေါ်ထင်ထင်ကျယ်ပြန့်စွာ ဖြစ်ပေါ်နေမှုကို ထိရောက်စွာထိန်းချုပ်ဖို့ သက်ဆိုင်ရာမှာ တာဝန်ရှိပါတယ်" ဟု ပြောပြသည်။



ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဒေါက်တာသန်းဝင်း၏မေးခွန်းနှင့် စပ်လျဉ်း၍ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ၎င်း၏အမြင်ကို ပြောကြားရာတွင် "အစားအသောက်နဲ့ပတ်သက်ရင် ကင်ဆာဖြစ်စေတဲ့ အကြောင်းရင်း အများအပြားရှိပါတယ်။ အစားအသောက်တွေမှာ ပါဝင်တဲ့ ဆိုးဆေး၊ ဓာတုကုန်ကြမ်းပါဝင်မှုအပေါ် ထိန်းချုပ်ဖို့ အမှန်ပဲလိုအပ်ပါတယ်။ မြန်မာနိုင်ငံ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနက သတင်းထုတ်ပြန်မှုတွေရှိပေမယ့် ထုတ်လုပ်သူရော၊ စားသုံးသူပါ ဂရုပြုလိုက်နာမှုနည်းနေပါသေးတယ်။ အခုမေးသွားတဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားမှုကလည်း ပြည်သူတွေအတွက် အကျိုးရှိစေမှာပါ။ အစားအသောက်တွေမှာ ပါဝင်တဲ့အန္တရာယ်ဖြစ်စေတဲ့ ဓာတုကုန်ကြမ်းနဲ့ ဆိုးဆေးတွေကို ပြည်သူတွေက ကျန်းမာရေးအသိရှိရပါမယ်။ ဒါမှလည်း သုံးစွဲတဲ့အခါ ရှောင်ရှားနိုင်ပါမယ်"ဟု ပြောပြသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းကိုယ်စား သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာရဲတပ်ဖွဲ့များနည်းတူ အရည်အချင်းများ၊ အရည်အသွေးများ၊ နည်းပညာများ ပြည့်ဝစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်း၍မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ၁၉၅၄ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (Interpol) နှင့် ၁၉၉၈ ခုနှစ်တွင် အာဆီယံနိုင်ငံများရဲအဖွဲ့ (Aseanapol)သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(Interpol)နှင့် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာရှိ အမျိုးသားဗဟိုအဖွဲ့ (National Central Bureau-NCB)နှင့်ပူးပေါင်းပြီး ဆေးဝါးတု ပူးပေါင်းတိုက်ဖျက်နှိမ်နင်းရေး(Operation Jupitor)၊ မှန်တိုင်းစစ်ဆင်ရေး(Operation Storm)နှင့် ကျားမှုခင်းများ တိုက်ဖျက်ရေး(Operation Tiger)စသည့် စစ်ဆင်ရေးများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာရဲတပ်ဖွဲ့များကဲ့သို့ ခေတ်မီကိရိယာများ တပ်ဆင်ထားနိုင်မှုနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် X-Ray စက်၊ လူဖြတ်စဉ်စစ်ဆေးစက်၊ လက်ကိုင်သတ္တုစစ်ဆေးစက်၊ ဒစ်ဂျစ်တယ်မိုက်ခရိုစကုပ်၊ ပိုလီရေး၊ လက်ဗွေသဲလွန်စရှာစက်၊ မိုက်ခရိုလင့်ကင်မရာနှင့် ဖလက်ဂန်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခဲ့ပါကြောင်း၊ မှုခင်းတပ်ဖွဲ့သုံး ခရမ်းလွန်ရောင်ခြည်မီး၊ မှုခင်းသဲလွန်စရှာမီး၊ ဓာတုဗေဒသုံးအနီအောက်ရောင်ခြည်စက်နှင့် မှုခင်းတပ်ဖွဲ့သုံး True Scan လက်ပုံစံ အလိုအလျောက်စစ်ဆေးစက်၊ Signal Jammer၊ လူဖြတ်စဉ်စစ်ဆေးစက် Walk Through Metal Detector၊ Underground Metal Detector နှင့် X-Ray စက်များ တပ်ဆင်ပေးနိုင်ရေး ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းတောင်းခံထားရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ● အမျိုးသားလွှတ်တော်မှ

လူအရေးမကြီးဘဲ မူခိုင်မာရန်လိုအပ်ပါကြောင်း၊ မည်သည့် တိုင်းရင်းသားကို ဝန်ကြီး တာဝန်ပေးအပ်မည်မှာ ငြင်းခုံဖွယ်ရာရှိခြင်းကြောင့် ပြည်ထောင်စုတိုင်းရင်းသားရေးရာ ဝန်ကြီးဌာနမဖွဲ့စည်းခြင်းမှာ မဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တွင် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွင့်လှစ်ပေးရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်းက လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးများကို ခန့်အပ်ပြီး သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်နိုင်ရန် တာဝန်ပေးအပ်ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ခန့်အပ်ထားသည့်တိုင်းရင်းသားရေးရာဝန်ကြီးများသည် သက်ဆိုင်ရာနယ်မြေများတွင် မိမိလုပ်ငန်းတာဝန်အပြင် နယ်မြေဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ထားသည့်အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနကိုဖွင့်လှစ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ၎င်းအပြင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတစ်ဦးကိုခန့်အပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရေးရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး သမ္မတထံ တင်ပြဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးများအနေဖြင့် နိုင်ငံတော်သမ္မတက မိမိတို့တိုင်းရင်းသားလူမျိုးစုများနှင့် ပတ်သက်၍ ကိစ္စရပ်များရှိပါက နိုင်ငံတော်သမ္မတရုံးသို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို တာဝန်ပေးအပ်ထားသဖြင့် တိုက်ရိုက်ဆက်သွယ်နိုင်ပါကြောင်း ပြောကြားထားသည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသားများ၏ ဆန္ဒ၊ တိုင်းရင်းသားများ၏အရေးကို လျစ်လျူရှုခဲ့ခြင်းမရှိဘဲ လက်တွေ့အကောင်အထည်ဖော်ပေးသကဲ့သို့ ဆက်ဖော်ဆောင်လျက်ရှိပါကြောင်း၊ Top Down System ကိုလျှော့ချပြီး Bottom Up System ကို တွန်းအားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကိုယ့်လူမျိုးကို ကိုယ်ချစ်တာသိပ်သဘာဝကျပါကြောင်း၊ လက်ခံပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုကို ချစ်ကြရန် နိုင်ငံသားတိုင်းတွင် လုံးဝတာဝန်ရှိသည်ကို ငြင်း၍မရပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့်လည်း တိုင်းရင်းသားများ၏လိုအပ်ချက်ကို မျက်ခြည်မပြတ်ဆောင်ရွက်ပေးနိုင်အောင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကို သက်ဆိုင်ရာလုပ်ငန်းစဉ်အလိုက် ဆောင်ရွက်အကောင်အထည်ဖော်ပေးနေပါကြောင်း။



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဖြေကြားစဉ်။
ဓာတ်ပုံ(ခင်မောင်ဝင်း-ကြေးမုံ)



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်း ဖြေကြားစဉ်။
ဓာတ်ပုံ(ခင်မောင်ဝင်း-ကြေးမုံ)

တိုင်းရင်းသားများအတွက်လိုအပ်ချက်များကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေပေါ်မူတည်ပြီး ဖွံ့ဖြိုးတိုးတက်မှုလွန်စွာကွာခြားမှုမရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေသည့်အတွက် နိုင်ငံတော်၏ဘတ်ဂျက်အခြေအနေအရ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို ထပ်မံတိုးချဲ့ဖွဲ့စည်းရန်မလိုအပ်ပါသဖြင့် အဆိုကိုမှတ်တမ်းအဖြစ်သာထားပေးရန် တင်ပြအပ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်၍ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်းက "ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ထောက်ခံပါတယ်။ တိုင်းရင်းသားရေးရာနဲ့ပတ်သက်ပြီးတော့ရှိသင့်ပါတယ်။ ဒါမှလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပိုမိုဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ထင်မြင်ယူဆတဲ့အတွက် ထောက်ခံပါတယ်"ဟုပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက "တိုင်းရင်းသားများရဲ့ ခံစားချက်နဲ့ အမြင်ကို လေးစားပါတယ်။ တင်ပြတာကိုလည်းထောက်ခံပါတယ်။ ဒါက တစ်ပိုင်းပါ၊ အဆို ဆိုတာက အစိုးရကိုလည်းလုပ်ဖို့ တိုက်တွန်းတာပါ။ တစ်ဖက်ကအစိုးရအနေနဲ့ လုပ်နိုင်/မလုပ်နိုင် လုပ်ရင် လတ်တလော(သို့မဟုတ်) ရေရှည်အစီအမံနဲ့လုပ်ရမယ်ဆိုတာ စဉ်းစားဖို့လိုမှာဖြစ်ပါတယ်။ ဦးစောထွန်းမြအောင်ရဲ့ ဆွေးနွေးချက်ဟာ မျှတပါတယ်။ တိုင်းရင်းသားများရဲ့ဆန္ဒကိုလည်း လေးစားစွာ နားထောင်ပါ။ အစိုးရရဲ့သဘောထားကိုလည်း လေးစားစွာခံယူပါဆိုတာကို မှာကြားလိုပါတယ်။ အလွန်ကောင်းတဲ့ သဘောထားဖြစ်ပါတယ်။ ပါဝင်မဆွေးနွေးတာကတော့ သိမ်မွေ့တဲ့ကိစ္စဖြစ်ပြီး ကိုယ့်အမြင်ကိုတင်ပြရန် အများအမြင်နဲ့ ကွဲလွဲတာမျိုးဖြစ်နိုင်တဲ့အတွက် တိုက်ရိုက်ပတ်သက်တဲ့ တိုင်းရင်းသားများ ဆွေးနွေးတာကို ကြားချင်လို့ပဲဖြစ်ပါတယ်"ဟု ပြောပြသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**






...အကျဉ်း

...ဆိုချိုမြင့်





# ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၄**

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ၂၀၁၃ ခုနှစ် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများကို အားကစားနည်း ၂၂ နည်းဖြင့် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၇ ရက်အထိ သတ်မှတ်ထားသည့် အားကစားကွင်း/ရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ညနေ ၂ နာရီတွင် နေပြည်တော် (လယ်ဝေး) အားကစားလေ့ကျင့်ရေးစခန်း Training Center (2) တွင်ကျင်းပလျက်ရှိသည့် ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုကို**(အပေါ်ပုံ)** အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် တာဝန်ရှိသူများလိုက်ပါလျက် ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် Training Center (1) တွင်ကျင်းပသော ရိုးရာလက်ဝှေ့(မွေ)ပြိုင်ပွဲ ဗိုလ်လုပွဲများကို တက်ရောက်ကြည့်ရှု အားပေးခဲ့ပြီး အမျိုးသား ၅၄၊ ၅၇၊ ၆၀၊ ၆၃ ဒသမ ၅၊ ၄၅၊ ၅၀ ကီလိုတန်းပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိသူများအားလည်းကောင်း၊ အမျိုးသမီး ၆၀ ကီလိုတန်းပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား လည်းကောင်း ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။

**ဇော်ဝင်း(ကြေးမုံ)**

## ပြည်သူအားလုံးပါဝင်နွှဲ ပြည်ထောင်စုဖလား အားကစားပွဲ

❖ **ကျောဖုံးမှ**

၅၁ ကီလိုတန်းတွင် မင်းမင်းစိုး(မွန်)က ဝင်းဌေးလွင်(တနင်္သာရီ)ကိုလည်းကောင်း၊ အမျိုးသမီး ၆၀ ကီလိုတန်းတွင် သူဇာဟန်(မွန်)က နီလာကျော်(မန္တလေး)ကိုလည်းကောင်း၊ ၅၄ ကီလိုတန်းတွင် ဂရေ(စ်)(မွန်)က ချိုမာဌေး(တနင်္သာရီ)ကို လည်းကောင်း၊ ၅၇ ကီလိုတန်းတွင် ဇင်မာခိုင် (မွန်)က ကတ်သရင်းနား(ကယား)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်တွင် အနိုင်ရရှိသူများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အာရှမွေအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာဆန်ကီပတ်၊ အရှေ့တောင်အာရှမွေအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့(မွေ) အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး မတ် ၅ ရက်တွင် ပွဲစဉ်များ ဆက်လက်ကျင်းပမည်ဖြစ်သည်။

# အမျိုးသား အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲများ စံချိန်သစ်တင်

**နေပြည်တော် မတ် ၄**

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစ၍ အမျိုးသမီး မီတာ ၂၀၀၀၀ လမ်းလျှောက်၊ အမျိုးသား ကြိုးတပ်သံလုံးပစ်၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်၊ အမျိုးသား တုတ်ထောက်ခုန်၊ အမျိုးသား မီတာ ၃၀၀၀ တားဆီးကျော်၊ အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်၊ အမျိုးသား မီတာ ၄ × ၁၀၀ လက်ဆင့်ကမ်း၊ အမျိုးသမီး မီတာ ၄ × ၁၀၀ လက်ဆင့်ကမ်း၊ အမျိုးသမီး မီတာ ၈၀၀၊ အမျိုးသမီး ခုနစ်မျိုးစုံ ပွဲစဉ်များ ကျင်းပသည်။

အမျိုးသား ကြိုးတပ်သံလုံးပစ်၌ ၂၀၀၂ ခုနှစ်က ကျော်ဝင်း (ကာကွယ်ရေး)တင်ထားသည့် စံချိန် ၃၉ ဒသမ ၅၇ မီတာကို အောင်မျိုးမင်း (ရန်ကုန်)က ၄၃ ဒသမ ၀၆ မီတာဖြင့်လည်းကောင်း၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်၌ ၂၀၀၆ ခုနှစ်က ဝင်းဝင်းမော်(ရထား) တင်ထားသည့် စံချိန် ၃၄ ဒသမ ၇၉ မီတာကို အမ်စိုးဇာ (ရှမ်း)က ၃၅ ဒသမ ၆၀ မီတာဖြင့်လည်းကောင်း အသီးသီး စံချိန်သစ်တင်ခဲ့ကြသည်။ အမျိုးသမီး မီတာ ၂၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် စောမာလာနွယ်(မန္တလေး)က ၁း၄၄ ဒသမ ၂၉ စက္ကန့်ဖြင့် ပထမ၊ ကေခိုင်မျိုးထွန်း(ရန်ကုန်)က ၁း၅၇ ဒသမ ၂၉ စက္ကန့်ဖြင့် ဒုတိယ၊ ဖြူမင်းအုန်း(ကချင်)က ၁း၅၈ ဒသမ ၁၀ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား ကြိုးတပ်သံလုံးပစ်တွင် အောင်မျိုးမင်း (ရန်ကုန်)က ၄၃ ဒသမ ၀၆ မီတာဖြင့် ပထမ၊ စိုးသူ(တနင်္သာရီ)က ၃၉ ဒသမ ၄၆ မီတာဖြင့် ဒုတိယ၊ စိုးတင့်(မြို့တော်စည်ပင်)က ၃၇ ဒသမ ၅၄ မီတာဖြင့် တတိယ၊ အမျိုးသမီး



## သတင်းမှတ်စုနှင့် ဓာတ်ပုံ ကိုကိုစိုးညွန့်

ကြိုးတပ်သံလုံးပစ်တွင် အမ်စိုးဇာ (ရှမ်း) က ၃၅ ဒသမ ၆၀ မီတာဖြင့် ပထမ၊ မြင့်မြင့်ဆွေ(မန္တလေး)က ၃၃ ဒသမ ၆၃ မီတာဖြင့် ဒုတိယ၊ ဂျူးနီ (ရန်ကုန်)က ၃၂ ဒသမ ၇၂ မီတာဖြင့် တတိယ၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲတွင် စောဆာရှီး (မွန်)က ၄ ဒသမ ၂၀ မီတာဖြင့် ပထမ၊ ထွန်းထွန်းလင်း (ရန်ကုန်)က ၄ ဒသမ ၂၀ မီတာဖြင့် ဒုတိယ၊ ဝင်းတင့်(မန္တလေး) က ၄ ဒသမ ၁၀ မီတာဖြင့် တတိယ၊ အမျိုးသား မီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲတွင် ချမ်းမြေ့အောင်(ရှမ်း)က ၉း၄၀ ဒသမ ၁၀ စက္ကန့်ဖြင့် ပထမ၊ အောင်ကိုဝင်း (ကာကွယ်ရေး)က ၉း၅၂ ဒသမ ၆၀ စက္ကန့်ဖြင့် ဒုတိယ၊ မာကောက်(စစ်ကိုင်း)က ၉း၅၈ ဒသမ ၄၀ စက္ကန့်ဖြင့် တတိယ၊ အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲတွင် ခင်မာဆယ် (မန္တလေး)က ၁၁း၂၉ ဒသမ ၉ စက္ကန့်ဖြင့် ပထမ၊ ကြည်ပြာထွေး (ရန်ကုန်)က ၁၁း၅၃ ဒသမ ၃ စက္ကန့်ဖြင့် ဒုတိယ၊ နှင်းယုစိုး(ပဲခူး)က ၁၂း၁၀ ဒသမ ၂ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၄×၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ မကွေး၊ ဒုတိယ ရန်ကုန်၊ တတိယ ဧရာဝတီ၊ အမျိုးသမီး မီတာ ၄ × ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ ရန်ကုန်၊ ဒုတိယ မကွေး၊ တတိယ မွန်၊ အမျိုးသမီး ခုနစ်မျိုးစုံ ပြိုင်ပွဲတွင် အေးသန္တာ(ဧရာဝတီ)က ၃၉၈၂ မှတ်ဖြင့် ပထမ၊ နော်ရီရီသန့် (ကရင်)က ၃၈၈၂ မှတ်ဖြင့် ဒုတိယ၊ မိုးမိုးမြင့်(မန္တလေး)က ၃၇၆၅ မှတ်ဖြင့် တတိယ အသီးသီးရရှိကြသည်။

မတ် ၅ ရက် နံနက်ပိုင်းမှစ၍ ဝဏ္ဏသိဒ္ဓိကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၅-၃-၂၀၁၃(အင်္ဂါနေ့)**

**[၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်၊ (ဥပုသ်နေ့)]**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၅၀ | ပြည်သူတို့ရဲ့ စကားသံများ |
| ၈း၁၀ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ |
| ၈း၁၅ | "အံ့ဖွယ်ထူးခြား မဟာအံ့ထူးကံသာ ဆုတောင်းပြည့် မြတ်စွာဘုရား" |
| ၄း၃၀ | ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာဘာသာရပ်) |
| ၅း၀၅ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | "တောင်သူဦးကြီးတို့အတွက် သိကောင်းစရာ" (နို့စားနွားနှင့် ဝက်မွေးမြူရေး) |
| ၅း၂၅ | ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၅း၃၀ | **SEA Games (Go For Gold)** (ဘီလိယက်) |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ ချစ်သမီး" (ဒုတိယတွဲ) (အပိုင်း-၂၇) |
| ၇း၀၀ | ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -"ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ တစ်နေ့တာမှတ်တမ်း" -ချိုမြိန်ရသာ မုန့်ကမ္ဘာ -အနုပညာ ကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း (အလက်ာကျော်စွာ မြို့မငြိမ်း၏ တေးသီချင်းများ ဝင်းဦးသီဆိုသည်) -"မင်းဘူးကရွှေစက်တော် ဖူးကြစို့တူပျော်ပျော်" |
| ၁၀း၀၀ | ပြည်တွင်းသတင်း -အိန္ဒိယရုပ်ရှင် "ဖုံးကွယ်ခြင်းအမုန်းအချစ်" (ဇာတ်သိမ်း) |

# မြန်မာနှင့် တရုတ်(တိုင်ပေ) အနိုင်အရှုံးမပေါ်

**ရန်ကုန် မတ် ၄**

၂၀၁၄ AFC Challenge Cup ခြေစစ်ပွဲ အုပ်စု(က) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အိမ်ရှင်မြန်မာအသင်းမှာ တရုတ်(တိုင်ပေ)နှင့် သရေကျခဲ့သည်။

တရုတ်(တိုင်ပေ)ကို အနိုင်မကစားနိုင်ခဲ့သည့် မြန်မာအသင်းမှာ ခြေစစ်ပွဲအောင်မြင်ရေး ခက်ခဲသွားရပြီး ရှုန်းကန်ရတော့မည်ဖြစ်သည်။ နောက်ဆုံးပွဲတွင် နှစ်ပွဲဆက်နိုင်ထားသည့် အိန္ဒိယအသင်းနှင့် ကစားရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။ ဂူအမ်အသင်းကို အနိုင်ရခဲ့သည့် လူစာရင်းမှ ကြည်လင်း၊ စိုးမင်းဦး စသည့် အမာခံကစားသမားများကို အနားပေးထားခဲ့သည့် မြန်မာအသင်းမှာ ပထမပွဲထက် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းမရှိပေ။ ၁၈ မိနစ်တွင် စိုးကျော်ကျော်က မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး တရုတ်(တိုင်ပေ)အတွက် ချေပဂိုးကို ၇၉ မိနစ်တွင် မန်ချိုင်လီက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

**ပထမပွဲ**

**အိန္ဒိယ - လေးဂိုး**

**ဂူအမ် - ဂိုးမရှိ**

ယနေ့ပွဲအပြီးတွင် အိန္ဒိယအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ အိမ်ရှင်မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲ သရေ လေးမှတ်၊ တရုတ်(တိုင်ပေ)အသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်၊ ဂူအမ်အသင်းက နှစ်ပွဲရှုံး အမှတ် မရသေးပေ။ မြန်မာအသင်းသည် ခြေစစ်ပွဲအောင်ရန် နောက်ဆုံးပွဲတွင် အိန္ဒိယအသင်းကို အနိုင်ကစားရတော့မည်ဖြစ်သည်။

**၆-၃-၂၀၁၃**

| | |
|---|---|
| **ညနေ ၄း၀၀** | **တရုတ်(တိုင်ပေ) - ဂူအမ်** |
| **ညနေ ၆း၄၅** | **မြန်မာ - အိန္ဒိယ** |

**(ချစ်ကိုကို)**

# ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မန္တလေးက နေပြည်တော်ကို အနိုင်ယူဗိုလ်လုပွဲတက်

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်ကို မတ် ၄ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

"ဒီပြည်ထောင်စုဖလားကြီးကို ကျွန်တော်တို့ ရယူသွားမှာပါ" ဟု နေပြည်တော်အသင်း တာဝန်ရှိသူများက ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့ပြီး ဆီမီးတွင် နောင်တော်ကြီး မန္တလေးတိုင်းဒေသကြီးအသင်းကို အနိုင်ရရန် အထူးကြိုးစား ကစားသွားသည်ကို တွေ့ရသည်။ ယခင်ပြည်နယ်နှင့် တိုင်းဒေသကြီးပွဲများတွင် နေပြည်တော်နယ်မြေမှ ကစားသမားများသည် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုမူ ညီအစ်ကိုနှစ်ယောက် ပြိုင်ဘက်အသွင် ပြန်တွေ့ခဲ့ခြင်းဖြစ်၍ ဤပွဲမှာ အထူးစိတ်ဝင်စားဖို့ကောင်းနေခဲ့သည်။ နောင်တော်က ညီငယ်ကို အနိုင်ယူပြီး နောက်ကောက်ချန်ခဲ့မလား၊ ညီငယ်ကပဲ နောင်တော်ကို အနိုင်ယူပြီး အသည်းကွဲစေမလား စိတ်ဝင်စားဖွယ် ဖြစ်ခဲ့သည်နှင့်အညီ နေပြည်တော်အသင်းသည် ပွဲစသည်နှင့် မန္တလေးအသင်းကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။ တစ်ဦးချင်း စွမ်းရည်ကို အသင်းလိုက် ကစားပုံအဖြစ် ပုံဖော်ကစားနေသော မန္တလေးအသင်းမှာ နေပြည်တော်အသင်း၏ အဝေးပေးဖြတ်တင်ဘောများကြောင့် ဗျာများခဲ့ရပြီး မိနစ် ၂၀ ခန့်အထိ ကစားကွက်တည်မရ ဖြစ်နေခဲ့သည်

**သတင်း - လေဒီ**
**ဓာတ်ပုံ - သော်ဇင်စိုး**

ကိုလည်း တွေ့ရသည်။

သို့နှင့် ပွဲချိန် ၂၅ မိနစ်တွင် မန္တလေးအသင်း အဖွင့်ဂိုးပေးလိုက်ရသည်။ ဂိုးသမား ဇော်ဇော်နိုင် မထွက်သင့်ဘဲ အထွက်မှားရာမှ နောက်ခံလူကပ်ထားသည့်ကြားမှပင် နေပြည်တော်အသင်းတိုက်စစ်မှူး ရန်ကျော်ထွေးက ပိတ်သွင်းယူသွားခြင်းဖြစ်သည်။ နေပြည်တော်အသင်း၏အမှားကိုစောင့်ပြီး ကစားနေသော မန္တလေးအသင်းမှာ အဖွင့်ဂိုးပေးလိုက်ရပြီးနောက် တိုက်စစ်ဖွင့် ကစားလာခဲ့သည်။ သေချာပေါက် အခွင့်အရေးနှစ်ကြိမ်ခန့် ရခဲ့သော်လည်း နေပြည်တော်အသင်း ဂိုးသမားနှင့် နောက်တန်းများ ကောင်းသဖြင့် ဂိုးမရခဲ့ချေ။ နေပြည်တော်အသင်းသည် ပထမပိုင်းကို တစ်ဂိုး-ဂိုး မရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်စသည်နှင့် မန္တလေးအသင်းသည် တိုက်စစ်ဖွင့် ကစားလာခဲ့သည်။ ၎င်းတို့ အားကောင်းသော ကွင်းလယ်



တိုက်စစ်မှာ ပုံမှန်ခြေစွမ်းပြန်ရလာပြီး နေပြည်တော်အသင်း နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကာ ဒုက္ခပေးနိုင်ခဲ့သည်။ ပွဲချိန် ၁၂ မိနစ်တွင် မန္တလေးအသင်း ညာတောင်ပံသမား ဇင်မင်းထွန်းက ထောင့်ဖြတ်ပြီး အပြင်းကန်ရာ နေပြည်တော်အသင်းဂိုးသမားကိုကျော်၍ ထောင့်ထဲကို ဝင်သွားသဖြင့် မန္တလေးအသင်း ချေပဂိုးရရှိသွားသည်။ ထို့နောက် မန္တလေးအသင်း၏ကွင်းလယ်နှင့် ဘယ်ညာ တောင်ပံတိုက်စစ်မှာ ပိုပြီးတော့ မြိုင်လာသည်ကို တွေ့ရသည်။ နေပြည်တော်အသင်းမှာ ခံစစ်ဖြင့်သာ ကစားနေရပြီး တစ်ဦးချင်းအပိုင်းတွင်လည်း မန္တလေးအသင်းကို မယှဉ်နိုင်ခဲ့ပေ။ ထို့ကြောင့် ပွဲချိန် ၃၉ မိနစ်တွင် ညာခြမ်းမှ သန်းထွန်းအောင် ဖြတ်တင်သည်ကို ဇင်မင်းထွန်းကပင် လူကျွံထောင်ချောက်မှထွက်ကာ လှလှပပသွင်းယူခဲ့သဖြင့် မန္တလေးအသင်း အနိုင်ဂိုးရရှိသွားခဲ့သည်။ ဇင်မင်းထွန်းသည် ယခု ဆီမီးပွဲအပြီးအထိ ခုနစ်ဂိုးတိတိသွင်း ယူထားသူဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအသင်းသည် ရရှိပြီးသော အနိုင်ဂိုးကို ထိန်းကစားသွားသဖြင့် ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်သွားပြီး မတ် ၇ ရက်တွင် ရန်ကုန်အသင်းနှင့် ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

ပွဲအပြီးတွင် နေပြည်တော်အသင်းအုပ်ချုပ်သူ ဦးနိုင်ဝင်းက "အသင်းကောင်းတစ်သင်းကို ရှုံးခဲ့တာပါ။ လေ့ကျင့်ပြင်ဆင်ချိန် တစ်လခွဲလောက်နဲ့ ဆီမီးဖိုင်နယ်အဆင့်အထိ တက်နိုင်ခဲ့လို့ ကျေနပ်ပါတယ်" ဟု ပြောသည်။ မန္တလေးတိုင်းဒေသကြီးအသင်း နည်းပြ ဦးဇော်ဝင်းကလည်း "ကျွန်တော်တို့ ဂိုးစပေးလိုက်ရလို့ စိုးရိမ်သွားပေမယ့် အနိုင်ရမယ်လို့တော့ ယုံကြည်ခဲ့ပါတယ်။ ဂိုးရှုံးပေမယ့် ခြေစွမ်းက မရှုံးခဲ့ဘူးလေ။ ဘာပဲဖြစ်ဖြစ် သူတို့လည်း အသင်းကောင်း တစ်သင်းပါ။ ဒီနေ့ဆိုရင် သူတို့အသင်း ပိုကောင်းတယ်လို့ ထင်ပါတယ်။ ညီအစ်ကိုအသင်းချင်းဖြစ်ပေမယ့် ပြိုင်ပွဲဆိုတော့ အနိုင်ကစားရမှာပဲလေ။ သူတို့အတွက် စိတ်မကောင်းပါဘူး" ဟု ပြောခဲ့သည်။

...(ဘီဟထွန်း)

# ကျိုက်ခနေတ်စေတီစိန်ဖူးတော် ရွှေတိဂုံစေတီတော်တွင်ရင်ငွေ့လှုံ

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် တည်ထားသော ကျိုက်ခနေတ်စေတီတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်နှင့် ရွှေငှက်မြတ်နားတော်တို့အား ရွှေတိဂုံစေတီတော်တွင် ရင်ငွေ့လှုံပူဇော်ခြင်း အခမ်းအနားကို မတ် ၂ ရက်က ကျင်းပခဲ့သည်။

ကျိုက်ခနေတ်စေတီတော်ကို အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ(ကျိုက်ထီးဆောင်းဆရာတော်)၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာမိသားစု)က ပဓာနဒါယကာအဖြစ် လှူဒါန်း၍ (၇)ရက်သားသမီးများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် ပြုပြင်တည်ထားကိုးကွယ်ခြင်းဖြစ်သည်။ အဆိုပါ စေတီတော်အား မတ် ၁၄၊ ၁၅၊ ၁၆ ရက်များတွင် ထီးတော်များ တင်လှူပူဇော်မည်ဖြစ်ပြီး ကျိုက်ခနေတ်စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်ကို မတ် ၂ ရက် နံနက်ပိုင်းက နေပြည်တော်မှ ရန်ကုန်သို့ ပင့်ဆောင်ခဲ့သည်။

ရွှေတိဂုံစေတီတော်တွင် မတ် ၂ ရက်မှ ၄ ရက်အထိ အပူဇော်ခံပြီး**(ယာပုံ)** မတ် ၅ ရက်တွင် ကွမ်းခြံကုန်းမြို့သို့ ပင့်ဆောင်ကာ တစ်ညတာ အပူဇော်ခံမည်ဖြစ်သည်။ မတ် ၆ ရက်တွင် ကွမ်းခြံကုန်းမြို့မှ ကော့မှူးမြို့သို့ ပင့်ဆောင်ပြီး တွံ့တေးမြို့တွင် တစ်ည အပူဇော်ခံကာ မတ် ၇ ရက်တွင် တွံ့တေးမြို့မှ ဒလမြို့သို့ ပင့်ဆောင်ကာ တစ်ညတာ အပူဇော်ခံမည်ဖြစ်သည်။ မတ် ၈ ရက်တွင် ဒလမြို့မှ ကျိုက်ခနေတ်ဘုရား သာသနာ့ဗိမာန်တော်သို့ ပင့်ဆောင်ပြီး ငါးညတာ အပူဇော်ခံမည်ဖြစ်သည်။ မတ် ၁၄ ရက်တွင် မွန်ရွှေထီးတော်၊ မတ် ၁၅ ရက်တွင် ရှမ်းရွှေထီးတော်၊ မတ် ၁၆ ရက်တွင် မြန်မာရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(ညီညီစိုးညွန့်)**



# ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆွေးနွေး

**ရန်ကုန် မတ် ၄**

"Peace Building and Myanmar Transition" ခေါင်းစဉ်ဖြင့် အလွှာပေါင်းစုံမှ ကျွမ်းကျင်ပညာရှင်များ ဦးဆောင်၍ Forum ပုံစံဆွေးနွေးခြင်းကို မတ် ၂ ရက် မွန်းလွဲပိုင်းက UMFCCI (ပထမထပ်) ခန်းမကြီး၌ ကျင်းပခဲ့သည်။

အဆိုပါ Forum တွင် ဦးအောင်နိုင်ဦး၊ ဒေါက်တာမင်းဇော်ဦး၊ ဦးညိုအုန်းမြင့်၊ ဦးသီဟမျိုးညွန့်နှင့် ဒေါက်တာကျော်ရင်လှိုင်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးရာတွင် တိုင်းရင်းသားများ၏ အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတည်ဆောက်ရေးများတွင် ပွင့်လင်းမြင်သာမှုရရှိရန် လိုအပ်ပုံများ၊ ဒီမိုကရေစီ အကူးအပြောင်းကာလအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်၏ စိန်ခေါ်မှုများ၊ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုမရှိမဖြစ် လိုအပ်ပုံများ၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေပုံများအကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် အားလုံးပါဝင်လုပ်ဆောင်သွားရန် လိုအပ်ပုံများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# တစ်လမ်းမောင်းစနစ် သတ်မှတ်ထားသော်လည်း ပြောင်းပြန်ကျင့်သုံးနေသည့် ညွှန့်ရုပ်ရှင်ရုံလမ်း



**ပဲခူး မတ် ၄**

ပဲခူးမြို့ ဈေးကြီးပိုင်း ညွှန့်ရုပ်ရှင်ရုံလမ်းအား ရန်ကုန်-မန္တလေး လမ်းမကြီးမှ အဝင်လမ်းသာခွင့်ပြုသတ်မှတ်ထားရှိရာ ယနေ့အထိ ယာဉ်များမှာ လိုက်နာမှုနည်းနေပြီး အထွက်လမ်းအဖြစ် အသုံးပြုနေကြသည်ကို တွေ့ရသည်။ ယင်းလမ်း၌ သိသာထင်ရှားမှုရှိစေရန် ဗီနိုင်းဖြင့်လည်း မည်သည့်ယာဉ်မှ မထွက်ရ ဆိုင်းဘုတ် ချိတ်ဆွဲထားသော်လည်း စည်းကမ်းလိုက်နာမှုမရှိဘဲ ဖြစ်နေ၍ သက်ဆိုင်ရာအဖွဲ့များမှ ထိရောက်စွာ အရေးယူမှုပြုသင့်ကြောင်း ရေးသားလိုက်ရပေသည်။ **(၆၉၉)**

# အသည်းရောဂါလူနာများအား အခမဲ့ကြည့်ရှုပေး

**မန္တလေး မတ် ၄**

အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး (မန္တလေး)နှင့် Global Hospital Chennail India တို့ ပူးပေါင်း၍ အိန္ဒိယနိုင်ငံမှ အသည်းအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော Dr. Thomas Cherian၊ Dr. Srinivas Reddy နှင့် အဖွဲ့သည် မတ် ၂ ရက် နံနက် ၉ နာရီတွင် မန္တလေး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ် (၆၂)လမ်း၊ (၃၃×၃၄) လမ်းကြားရှိ ဖြူဟွစိုရ် လူမှုကူညီရေးအသင်း၏ အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းတွင် အခမဲ့ကြည့်ရှုစစ်ဆေး ဆောင်ရွက်မှုပေးခဲ့ကြသည်။

အဆိုပါ စစ်ဆေးဆောင်ရွက်မှုတွင် လိုအပ်သည်များကို အိန္ဒိယကောင်စစ်ဝန်ချုပ် ဒေါက်တာမဒမ်မိုဟန်ဆင်းသီက ဖြူဟွစိုရ် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်၊ ဒု-ဥက္ကဋ္ဌ ဦးဝင်းမြင့်(အငြိမ်းစားရဲပိုင်ချုပ်ကြီး)နှင့် အမှုဆောင်များ၊ ဆေးခန်းတာဝန်ခံ ဒေါက်တာဦးကိုကိုလေးနှင့် မြန်မာဆရာဝန်ကြီးများက ပံ့ပိုးကူညီပေးကြပြီး ဆေးအလှူရှင် Dr. REDDY က Becozinc အားဆေး၊ သွေးကျဆေး၊ ဆီးချိုကျဆေးများ၊ ZAR & ZAR ကုမ္ပဏီလီမိတက်မှ ဆေးဝါးမျိုးစုံတို့ ပါဝင်လှူဒါန်းကြသည်။ အသည်းခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ညနေ ၅ နာရီအထိ အသည်းနှင့်ပတ်သက်သော ရောဂါဝေဒနာသည်များအား အခမဲ့ကြည့်ရှုစစ်ဆေးလမ်းညွှန်မှုများပေးခဲ့ကြောင်း သိရသည်။ **ကျော်မင်းသော်**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၅-၃-၂၀၁၃ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၃ | တရားတော် |
| ၇း၅၃ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈း၁၀ | မှတ်တမ်း |
| ၄း၄၀ | အင်္ဂလိပ်စာသုတ |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် ဒုတိယတွဲ (အပိုင်း-၈၃) |
| ၆း၁၅ | သီချင်းဝိုင်း |
| ၆း၃၀ | Football City Tour |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာထက်ကဖန်ရဲတိုက် (အပိုင်း-၃၁) -ဟာသရုပ်စုံ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်ပေါင်ချိန် (အပိုင်း-၁၅) -Mini Series |

SHINE Construction Co., Ltd.
(Member of Shine Group of Companies)
**တင်ဒါခေါ်ယူခြင်း**
ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ကွန်ဒိုမီနီယမ်များတွင် အသုံးပြုရန် Structure သုံး သံချောင်း (Size) အစုံအား တင်ဒါစနစ်ဖြင့်ဝယ်ယူရန် ရှိပါသည်။ စိတ်ဝင်စားသော ကုမ္ပဏီများအနေဖြင့် ဈေးနှုန်းအချက်အလက်အပြည့်အစုံနှင့်တကွ (၁၃- ၃-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ တင်ဒါပေးသွင်းနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ-အမှတ်(၂၉)၊ မြေညီထပ်၊ ဂျိုးဖြူကွန်ဒို၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
(အောင်ဆန်းကွင်း အထူးတန်းရှေ့)
Tel: 01 243647, 01-385341~2, Ext: 218



# အဲဒါ . . . ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ(၂၀၁၃)

**မင်းမင်းဇော်(ကလေး)**

"ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းကြီးမှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရထားတဲ့ ၂၀၁၃ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အခမ်းအနား ကြီးကြီးကျယ်ကျယ်ကျင်းပမှာတဲ့" ဆိုသည့် တက်ကြွသည့် ဇာတိသွေးဇာတိမာန်ကို အခြေခံသည့် သတင်းစကားကြောင့် နယ်မြို့လေးတစ်မြို့မှ နေပြည်တော်သို့ တက်လာသည့် သာမန်ဝန်ထမ်းလေးကျွန်တော် စူးစမ်းလိုစိတ်၊ အခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကြည့်ရှုခံစားလိုစိတ်တွေက ကျွန်တော့်ရဲ့ စိတ်နှလုံးကို သွက်သွက်ခါအောင်လှုပ်ရှားသွားစေခဲ့ပါတယ် အမေ။

၁၉၅၉ ခုနှစ်ကတည်းက အရှေ့တောင်အာရှဒေသမှာ ကျွန်းဆွယ်ပြိုင်ပွဲအဖြစ် စတင်ခဲ့တဲ့ အားကစားပြိုင်ပွဲကြီးဟာ နှစ်ပေါင်း(၄၄)နှစ်ဆိုတဲ့ အချိန်ကာလလွန်မြောက်ခဲ့ပြီးမှ အခုကျွန်တော်တို့ မြန်မာနိုင်ငံမှာ တတိယအကြိမ်အဖြစ် ပြန်လည်လက်ခံကျင်းပခွင့်ရခဲ့တာပါအမေ၊ အတိတ်ကာလ သူ့ခေတ်သူ့အခါတွေမှာ ဘယ်လို ဘယ်လောက်ပဲ ခမ်းနားခဲ့ပါစေ အခုပစ္စုပ္ပန်တည့်တည့်မှာတော့ လက်ခံကျင်းပခွင့်ရထားတဲ့ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အခမ်းအနားကြီးကိုတော့ မီနိုင်မယ် မထင်ပါဘူးအမေရယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခုကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အကြိုကျင်းပတဲ့ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ-၂၀၁၃(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားရဲ့ ကြီးကျယ်မှုတွေက အံ့သြဘနန်းရင်သပ်ရှုမောစရာတွေမို့ပါ၊ တကယ့်တကယ် လက်ခံကျင်းပမယ့်(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကြီးဆိုရင် ဘယ်အတိုင်းအတာထိ ကြိုတင်ပြင်ဆင်ကြမယ်၊ ဘယ်လောက်ထိကြီးကျယ်ခမ်းနားမယ်ဆိုတာ ကြိုတင်မှန်းဆမြော်တွေးမရနိုင်လောက်အောင်ပါပဲ အမေ။

ကံကောင်းထောက်မလို့ အကြောင်းတိုက်ဆိုင်စွာနဲ့ (၂၇) ကြိမ်မြောက်အားကစားပြိုင်ပွဲအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ -၂၀၁၃ (နေပြည်တော်)ကျင်းပမယ့် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းကြီးကို ကျွန်တော်ရောက်ခဲ့တယ်၊ အမေ့ မိတ်ဆွေကြီး ဒေါ်မြအေးတောင်ပါသေးတယ် အမေရဲ့။

အဲဒီရောက်လို့ ကားပေါ်ကဆင်းလိုက်တယ်ဆိုရင်ပဲ ကျွန်တော့်ဘဝ အသက်သုံးဆယ်ကျော်မှာ တစ်ခါမှ လက်တွေ့မမြင်ဖူးတဲ့ အားကစားရုံကြီးနဲ့ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ-၂၀၁၃ (နေပြည်တော်)ဆိုတဲ့ ကြော်ငြာဆိုင်းဘုတ်ကြီးတွေ၊ ဖြူ နီ ဝါ ပြာ အရောင်အသွေးစုံတဲ့ အလံတွေ၊ ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားပြုအလံတွေ၊ လေမှုတ်ပူဖောင်းကြော်ငြာကြီးတွေ၊ အားကစားပြိုင်ပွဲနည်းပိုစတာကြီးတွေက ခေတ်မီသေသပ်လှပခံ့ညားတဲ့ အားကစားကွင်းကြီးနဲ့ သူ့ထက်ငါအလှပြိုင်နေကြလေရဲ့။ နောက်ပြီး တာဝန်သိသိသစ္စာရှိရှိနဲ့ လုံခြုံရေးတွေကလည်း အားမာန်အပြည့် ကွင်းလုံးပြည့်နီးပါး။ ယာဉ်ကြီးယာဉ်ငယ်တွေကလည်း သူ့နေရာနဲ့သူ အစီအရီနဲ့ စနစ်တကျ စည်းကမ်းရှိလိုက်တာ အမေရယ်။

ပြိုင်ကွင်းအားကစားရုံကြီးရဲ့ အတွင်းကိုရောက်ပြန်တော့ အမျိုးဂုဏ်ဇာတိဂုဏ် တက်ကြွစေမယ့် သီချင်းသံတွေက နေရာအနှံ့ပျံ့လွင့်နေလို့ ကြားလိုက်ရတဲ့ကျွန်တော် ကြက်သီးတဖြန်းဖြန်းထ၊ ဒါငါတို့မြန်မာကွဆိုတဲ့ အတွေးစိတ်ကတောက်ပလို့ လာခဲ့ပါတယ်အမေ၊ ဝါစိမ်းနီပြာ အရောင်အသွေးစုံလင် လှပခေတ်မီသေသပ်တဲ့ တစ်ယောက်ထိုင်ခုံလေးတွေနဲ့ ပြိုင်ပွဲဖွင့်ပွဲကို တက်ရောက်အားပေးကြည့်ရှုနေကြတဲ့ ပရိသတ်တွေ၊ ဧည့်သည်တော်ကြီးတွေရဲ့ မြန်မာ့အလှ မြန်မာ့သဘာဝဟာ အလှချင်းပြိုင်နေကြပါတယ်။ MRTV, MRTV-4, MWD, SKY NET စတဲ့ ရုပ်မြင်သံကြား လွှင့်ထုတ်မယ့်ဌာနကြီးတွေ၊ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတိုက်ကြီးတွေကလည်း ပြည်သူ့ဝန်ဆောင်မှုဆိုတဲ့ စကားရပ်နဲ့အညီ ပြည်သူတွေကို အသိပညာပေးနိုင်ဖို့ ရေးသားရိုက်ကူး တင်ဆက်နေကြတယ်၊ အခု ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကြီးမှာ အားကစားနည်း ၂၂ မျိုးနဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးက အားကစားမောင်မယ်တွေက ၂၇၀၀ ကျော်တောင်ရှိတယ်တဲ့ အမေရယ်။

ဖွင့်ပွဲအခမ်းအနားမှာ ပြောကြားတဲ့ မိန့်ခွန်းမှာ အားကစားနဲ့ နိုင်ငံကို ဘယ်လိုထူထောင်ရမယ်၊ နိုင်ငံသားတိုင်းရဲ့ ကျန်းမာကြံ့ခိုင်ရေးဟာ အလွန်အရေးပါပြီး နိုင်ငံသားတိုင်းကျန်းမာကြံ့ခိုင်တဲ့ လူမျိုးတွေဖြစ်ဖို့ အရေးကြီးတယ်ဆိုတဲ့ ပြောကြားချက်တွေဟာ ကျွန်တော်တို့ကြားရတဲ့ ပရိသတ်တွေရဲ့ အမျိုးကိုချစ်တဲ့ ဇာတိသွေးဇာတိမာန်တွေကို ပြင်းထန်စွာလှုပ်နှိုးပေးလိုက် သလိုပါပဲ အမေ၊ ဖျော်ဖြေရေး အစီအစဉ်တွေ၊ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲရဲ့ အတွေးအခေါ်၊ သစ်လွင်တောက်ပဆန်းသစ်တဲ့ အခမ်းအနားအစီအစဉ်တွေ တစ်ခုပြီးတစ်ခုကြားမှာ ကျွန်တော့်ရဲ့ စိတ်နှလုံးဟာ ဒီအားကစားပြိုင်ပွဲဖွင့်ပွဲကြီးကလွဲလို့ အရာရာကို ခေတ္တမေ့မြောစေခဲ့တယ်။ ဧည့်ပရိသတ်တွေကလည်း သူတို့ရဲ့ နှလုံးသားထဲအထိ နေရာအမျိုးမျိုးမှာ ပုံစံအမျိုးမျိုးနဲ့ လွင့်မြောခံစားကြည်နူးဝမ်းသာနေကြတာကို တွေ့မြင်နေရတယ်အမေ၊ ဥရောပက အားကစားပြိုင်ပွဲဖွင့်ပွဲတွေထက် ပိုမိုကြီးကျယ်ခမ်းနားတယ်လို့ ယူဆနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ မျိုးချစ်စိတ်ဓာတ်က ဟိုးမိုးကောင်းကင်မှာ ရောက်နေလို့ပါပဲ။

ဒီလိုအခမ်းအနားကြီး ခေတ်မီခမ်းနားစွာ ကျင်းပနိုင်ဖို့၊ ကျင်းပခွင့်ရဖို့ မိုးပေါ်က မိုးနတ်မင်းကြီးကဖန်ဆင်းပေးတာလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ နိုင်ငံ့တာဝန်ရှိသူတွေနဲ့ ပြည်သူတွေရဲ့ စိတ်ဓာတ်တွေ၊ ခွန်အားတွေ၊ အမျိုးကိုချစ်တဲ့ မျိုးချစ်စိတ်တွေနဲ့ အားကြိုးမာန်တက် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြရတာပါအမေ။

ဒီလိုပြိုင်ပွဲကြီးတွေကနေ ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းရဲ့ ချစ်ကြည်ရင်းနှီးမှုတွေ၊ အပြန်အလှန် လေးစားမှုတွေ၊ စာနာမှုတွေ၊ ကိုယ်ချင်းစာတရားတွေ၊ မေတ္တာတရားတွေက ကျွန်တော်တို့ နှလုံးသားကိုယ်စီကို စိမ့်ဝင်ပျံ့နှံ့ဝင်ရောက်စေမှာပါ။ ဒီအားကစားပြိုင်ပွဲကြီးဟာ ကျွန်တော်တို့ မျိုးဆက်သစ်တွေရဲ့ စံနမူနာတစ်ခု၊ အင်အားသစ်တစ်ခု၊ စွမ်းအားတစ်ခုဖြစ်လိမ့်မယ်၊ သမိုင်းတွင်ရစ်မယ့် နေ့တစ်နေ့လည်းဖြစ်ပါလိမ့်မယ် အမေ။

အမေ ကျန်းမာချမ်းသာပါစေ. . .॥ ॥

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်တင်

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၄)ရပ်ကွက် ပိတောက်ချောင်းရဲစခန်းဝင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးဝင်းရှိ ဒဂုံလမ်းနှင့် တောင်ကြီးလမ်းထောင့်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ပေးခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ အမှတ်(၂) ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး ရဲမှူးချုပ်သူရဘိုနီ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ မြန်မာနိုင်ငံသတင်းတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူးများနှင့် အလှူရှင် ဩစတြေးလျနိုင်ငံမှ Mrs.Fiionadaviv နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အမှတ်(၂) ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရဘိုနီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဏိတ)**

**အလိုမှာ စာမှာရှိ**

**UNIQUE STAR Travels & Tours . . .**

အမေရိကား Korea Airline (20Days/19Nights) April 9~28 (6,000,000)
(San Francisco, Los Angeles, Las Vegas, New York, Washington, Harrisburg, Corning, Niagara Fall) + Honolulu

ဥရောပ (၉)နိုင်ငံ + အင်္ဂလန် All TG April 9~22/9~24, 11~24/11~26 (4,500,000)
(France, Italy, Switzerland, Germany, Netherland, Belgium, Austria, Liechtenstein, Vatican) + United Kingdon

ဩစတြေးလျ All TG (Sydney, Blue Mountain, Mount Buller, Melbourne, Canberra) April 10~18 (3,400,000)

| | | | | | |
|---|---|---|---|---|---|
| . ဗန်ကောက်–ပတ္တရား | Every (Sat:) | (550,000) | . တောင်ကောင်+မကေး+ထိုင်း | Apr:12,13 | (1,700,000) |
| . ဖူးခက်–ဗန်ကောက် | Apr: 11, 12 | (850,000) | . ဟောင်ကောင်+မကာအို | Apr:10,11 | (1,400,000) |
| . စင်ကာပူ+မလေး+ထိုင်း | Apr: 10,12,13 | (1,250,000) | . ဗီယက်+ရှန်ကျိုင်း+ကူမင်း | Apr:10,11,12,13 | (1,400,000) |
| . ဘာလီ+ဖူးခက်+ထိုင်း+မလေး | Apr: 11, 13 | (1,700,000) | . ကိုရီးယားခရီးစဉ် All TG | Apr:10,13 | (2,000,000) |
| . ဘာလီ+စင်ကာပူ+မလေး | Apr: 10,12 | (1,700,000) | . ဂျပန်ခရီးစဉ် All TG | Apr:9,10,13 | |

(5), Asia Plaza. 391372, 391373, 708353, 705723, 09 514 8079. / 70/A, Kabaraye Pagoda Rd, Bahan. 09 7310 9133~44~55~66.

**အမြန်ဆက်သွယ်နိုင်ပါသည်**

'Myanmar Book Centre' တွင် အထက်ပါရာထူးအတွက် တာဝန်ထမ်းဆောင်လိုသူများသည် အောက်ဖော်ပြပါလိပ်စာသို့ Interview ဝင်ရန် အမြန်ဆက်သွယ်ပါ။ Microsoft Office ကို ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ရမည်။
ဆက်သွယ်ရန်လိပ်စာ – အမှတ် (၅၅) ဗဟိုလမ်း၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၂၁၂၇၁၊ ၂၁၂၄၀၉၊ ၂၁၄၇၀၈၊ ၀၉–၇၃၁၄၇၇၃၂

**Royal Moon Princess Travel & Tour**

Moon Princess နှင့်အပြခရီးသွားနေတဲ့မိတ်ဆွေဟောင်းများနှင့် မိတ်ဆွေသစ်များအား ကြိုဆိုလျက်သင်္ကြန်ခရီးစဉ်များ

သင်္ကြန်ဈေးနှုန်းမဟုတ် ဘဲပုံမှန်ဈေးနှုန်းဖြင့်သာ ရောင်းချပေးပါမည်။

| | |
|---|---|
| ပုလဲ | April 12, 17 |
| ငွေဆောင် | April 13, 15, 17 |
| ပုဂံ | April 12, 17 |
| တောင်ကြီး | April 12, 17 |
| အလောင်းတော်ကဿပ | April 13 |

Car Rental Service
Hotel Reservation

ချောင်းသာ၊ ငွေဆောင်၊ ပုလဲ ကားလက်မှတ် နှင့် Hotel Package နေ့စဉ်ရောင်းချပေးနေပါပြီ။

ချောင်းသာ၊ ငွေဆောင်၊ ပုလဲခရီးစဉ် နေ့စဉ် (မတ်လ) March လအတွင်း နေ့စဉ်ပြေးဆွဲလျက်ရှိပါသည်။

Ph: 01 686 716, 01 522 839, 09 513 1382, 09 493 18284

**CELEBRITY magazine**

အတွဲ-၁၊ အမှတ်-၅၊ ၂၀၁၃ မတ်လထုတ်

ဒါရိုက်တာ ဝင်းဖေ ရေးတဲ့ဝတ္ထု
မြင့်မိုးအောင် ရေးတဲ့ ကဗျာ
ကျော်သူ ရဲ့Charity
လှမင်း Style ,Smart မင်းသွေး
Cute N ကိုင်ရာ၊ အောင်ရဲလင်း Attraction
အညာအပူထဲကသဒ္ဒါဖြူကဲ ရှာအလှူပွဲ
ပြည်တွင်းပြည်ပ အလှအပ၊ဖက်ရှင်၊ ဒီဇိုင်း၊
ကျန်းမာရေး အပါအဝင် ထုံးစံအတိုင်း . . .

Ph : 657237,09 5197 164







**မြေညီထပ်အရောင်းပို့မည်။**

| | |
|---|---|
| ဖျာပုံပေါ်ဆန်းမွှေး(ထူးထူးရှယ်)တစ်အိတ် | - ၂၇၀၀ဝိ/- |
| ဒေးဒရဲတောင်ပျံမွှေး(အော်ဂဲနစ်ဆန်)တစ်အိတ် | - ၂၅၀၀ဝိ/- |
| ဆင်းသုခ၁၅မှတ်ဆန်(စပါးဟောင်းကြိတ်)တစ်အိတ် | - ၁၈၀၀ဝိ/- |

ဂျပန်နည်းပညာသုံး၊ အီးအမ်သဘာဝမြေဩဇာနှင့်ဖျော်ရည်များ
မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့အမျိုးမျိုး
* ဖောက်သည်ယူလိုသူများ စုံစမ်းဆက်သွယ်နိုင်ပြီ။ *
စီးပွားပန်းတိုင် ကုမ္ပဏီလီမိတက်
အမှတ်-၂၃၂(မြေညီထပ်)၊၃၉လမ်း(အထက်)၊ရန်ကုန်မြို့။
ဖုန်း- ၃၇၆၆၃၇၊ ၃၇၄၃၆၅၊ ၀၉၅၁၁၉၁၂၅

အခြေခံ **ပန်းချီသင်တန်း**
အခြေခံမှစ၍ တစ်ဦးချင်း သင်ပေးသည်
အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ ၃၄-လမ်းနှင့်ဘားလမ်းကြား အနော်ရထာလမ်းမကြီး၊ ဘားလမ်းမှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၅၀ ၇၇၅၆၀

**သင်္ချာ ဦးအောင်သောင်း**
၂တန်း မှ ၁၀တန်းအထိ သင်္ချာ တစ်ဘာသာတည်း သန့်သန့်.
( ၇၀ ) တ-ထပ် ၊ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း – 09 5192923 ၊ 01 246108

# အဆိုးရွားဆုံးသောမွေးနေ့ကို ပိုင်ဆိုင်လိုက်ရသည့် ဂျက်စတင်ဘီဘာ

မတ် ၁ ရက်နေ့က ကျင်းပခဲ့သော ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာ၏(၁၉)နှစ်ပြည့်မွေးနေ့ပွဲကို အင်္ဂလန်နိုင်ငံ နေ့ာတင်ဟမ်မြို့ရှိ မြို့တော်အက်ဖ်အမ်ခန်းမအတွင်း ကျင်းပခဲ့ရာ မမျှော်လင့်ဘဲ မတော်တဆမှုများနှင့် ကြုံတွေ့ခဲ့ရပြီး "အဆိုးရွားဆုံးမွေးနေ့ပွဲ" ဟူ၍ သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသွားသည်။

ဘီဘာသည် ၎င်း၏(၁၉)နှစ်ပြည့်မွေးနေ့ပွဲကို အပေါင်းအသင်းများနှင့်အတူ ပျော်ရွှင်စွာကျင်းပနေချိန်တွင် ယင်းမွေးနေ့ပွဲ ကျင်းပသည့်ခန်းမမှ ဝန်ထမ်းများနှင့်ဘီဘာ၏ သူငယ်ချင်းများအကြား ပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ဘီဘာရဲ့ မွေးနေ့ကို လာရောက်အားပေးတဲ့သူတွေထဲမှာ အသက်မပြည့်တဲ့သူတွေပါ ပါတယ်။ လန်ဒန်မှာရှိတဲ့ ကလပ်တွေအားလုံးမှာ အသက်အရွယ်ကန့်သတ်တားမြစ်ချက်တွေကို ပြင်းပြင်းထန်ထန် ကန့်သတ်ထားပါတယ်။ ဒီကိုလာတဲ့သူတွေထဲမှာ (၁၈)နှစ်မပြည့်သူတွေလည်း အတော်များများပါတယ်။ သူတို့တွေကို ဒီစည်းမျဉ်းစည်းကမ်းတွေအကြောင်းကို သေချာနားလည်သဘောပေါက်အောင်ရှင်းပြပြီး ခန်းမထဲကိုဝင်ဖို့ ခွင့်မပြုခဲ့ရတာဘဲဖြစ်ပါတယ်။ ဘီဘာနဲ့ သူ့ရဲ့အပေါင်းအသင်းတွေ ဒီမှာလာဖျော်ဖြေတာကို ကြိုဆိုပါတယ်။ အသက်အရွယ်အားဖြင့် ပြည့်စုံတဲ့သူတွေကို ကျွန်တော်တို့ ဝင်ခွင့်ပြုခဲ့ပါတယ်။ သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းတွေကိုတော့ ကျွန်တော်တို့က အတိအကျလိုက်နာရမှာပဲ"ဟု ပြောရေးဆိုခွင့်ရှိသူ လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် စနေနေ့ကလည်း ဂျက်စတင်ဘီဘာသည် မြို့တော်အက်ဖ်အမ်ခန်းမအတွင်း ထောင်ပေါင်းများစွာသော ပရိသတ်ကြီးရှေ့တွင် ရွှေလက်အိတ်နှင့် သတ္တုဖြင့်ပြုလုပ်ထားသော အတောင်အပံများပါသည့် အဝတ်အစားများကို ဝတ်ဆင်ကာဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။



# ကေဘီအက်စ်ရုပ်သံလိုင်း နှစ်(၄၀)ပြည့် အခမ်းအနား ကျင်းပ



၁၉၇၃ ခုနှစ်မှ စတင်ကာ တောင်ကိုရီးယားနိုင်ငံ၏ မီဒီယာတာဝန်ကို တစ်ဖက်တစ်လမ်းမှ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ကေဘီအက်စ်ရုပ်သံလိုင်း၏ မတ် ၃ ရက်က နှစ်ပေါင်း (၄၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

"ကေဘီအက်စ်ရုပ်သံလိုင်းသည် ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် တာဝန်ကျေပွန်စွာဖြင့် နောက်ထပ်နှစ်ပေါင်း(၄၀)တိုင် ဆက်လက်လျှောက်လှမ်းသွားနိုင်ရန်အတွက် ယခု ၂၀၁၃ ခုနှစ်သည် အလှည့်အပြောင်းကာလတစ်ခုဖြစ်ပါတယ်"ဟု ကေဘီအက်စ်ရုပ်သံလိုင်းမှ ဥက္ကဋ္ဌဖြစ်သူ ဂျိလ်ဟွမ်ရောင်းက ဆိုသည်။

ကေဘီအက်စ်ရုပ်သံလိုင်းသည် အရည်အသွေးမြင့်မားစွာနှင့် ကောင်းမွန်သောအစီအစဉ်များ ထုတ်လွှင့်တင်ဆက်နိုင်ရန်နှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ hallyu ခေါ် ကိုရီးယားပေါ့ပ်ယဉ်ကျေးမှုများ ချဲ့ထွင်နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားရန် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း အဆိုပါအခမ်းအနားတွင် ဂျိလ်ကပြောကြားခဲ့သည်။

**ဖြိုးစန္ဒာမြင့် - စုစည်းသည်**



## ဘာမူဒါမြို့၌ ဘီယွန်စေးအမည်ကို အစွဲပြုသည့် လမ်း

အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် တည်ရှိသော ဘာမူဒါမြို့ရှိ လမ်းကျယ်တစ်ခုအား ဘီယွန်စေးလမ်းဟု အမည်ပြောင်းသတ်မှတ်ခဲ့ရာ အမေရိကန် သီချင်းရေး၊ သရုပ်ဆောင်မင်းသမီးတစ်ဖြစ်လဲ အဆိုတော် ဘီယွန်စေးအတွက် ဂုဏ်တက်ဝမ်းမြောက်စေခဲ့သည်။

၂၀၀၈ ခုနှစ်မှ စတင်၍ ယင်းလမ်းမှ ကမ္ဘာကျော်အဆိုတော်(ဘီယွန်စေး)တစ်ဦး ပေါ်ထွက်လာခဲ့ပြီး အဆိုတော်များစွာ ဖျော်ဖြေပွဲကျင်းပခဲ့သည်ကို အစွဲပြုပြီး အစိုးရက တရားဝင်သတ်မှတ်ခြင်းမဟုတ်ဘဲ မြို့ခံလူထု၏ ဆန္ဒဖြင့်သာ အမည်ပေးခဲ့ခြင်းသာဖြစ်ကြောင်း မြို့တော်အက်ဖ်အမ်သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

အစိုးရ၏တရားဝင်သတ်မှတ်မှုမဟုတ်သော်လည်း ယင်းလမ်းသစ်ကို တည်တံ့ခိုင်မြဲမှု လက္ခဏာတစ်ခုအဖြစ် လူသိများသည်။ ဘာမူဒါမြို့နေလူများသည် ခရီးသွားများအား လမ်းညွှန်သည့်အခါ ဘီယွန်စေးလမ်းသာ ခေါ်ဝေါ်သုံးစွဲလျက်ရှိရာ ယခုအခါ အမှန်တကယ် အမည်တွင်သွားပြီဖြစ်သည်။

"လူတချို့က ဘီယွန်စေးလမ်းကျယ်ဟု သတ်မှတ်ခဲ့ပြီး လူတိုင်းက လက်ခံခေါ်တွင်နေတဲ့ ဒီနေရာမှာ ဘီယွန်စေး တစ်ယောက် သွားရောက်ဖျော်ဖြေဖို့ အခွင့်အရေးကောင်းပါပဲ" ဟု မြေကွက်မန်နေဂျာ Trevor Madeiros က ပြောကြားသွားသည်။

**ဇေယျာလင်း**


ရွှေမန္တလာ
တိုးချဲ့ခရီးစဉ်အသစ်
ရန်ကုန် ↔ တောင်ကြီး
၆-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မှစ၍
ကမ္ဘာ့အကောင်းဆုံး ဥရောပထုတ် Scania Bus ကားသစ်များဖြင့် ပြေးဆွဲနေပါပြီ။
ယာဉ်ထွက်ခွာချိန် ရန်ကုန် . . . ည ၇း၀၀ နာရီ
တောင်ကြီး . . . ည ၈း၀၀ နာရီ
ရန်ကုန်ဂိတ် - အောင်မင်္ဂလာအဝေးပြေး ၀၁-၇၀၁၆၁၅၊ ၇၀၆၀၇၁၊ ၀၉-၅၀၄၂၆၄၄
အောင်ဆန်းကွင်းတောင်ဘက်တန်း ၀၁-၇၁၄၁၅၈၊ ၀၉-၄၇၁၀၃၆၅၄
တောင်ကြီး - အမှတ်(၃၉) ပင်လုံလမ်း ၊ ဖုန်း ၀၈၁-၂၂၂၀၀၈၊ ၀၉၄၉၂၂၂၄၃၁
ကုန်သည်လမ်းထိပ်၊ ဖုန်း ၀၉၄၉၂၂၂၄၃၉
အေးသာယာကွင်း - အခန်း C-9 ၊ ဖုန်း၀၈၁-၂၈၈၀၃၂၊ ၀၉၄၉၂၂၂၄၃၁

အစ္စရေး(မွေးဟောင်းနေရာများ၊ ယေရှုခရစ်တော်သွားခဲ့လျှောက်ခဲ့သောနေရာများအနှံ့)
အီဂျစ်၊ ဂျော်ဒန်လ (၉)ရက်ခရီးစဉ် အပြီးအငြိမ်း ၂၅သိန်း။
"BLESS ISRAEL" PILGRIMAGE ကို မေလ ၂၅ရက် ၂၀၁၃
မြန်မာနိုင်ငံမှ စထွက်ခွာမည်ဖြစ်၍ ဘဏ်တွင် ငွေသွင်းခြင်းကို
၂၀၁၃ ဧပြီလဆန်းမှ ဧပြီ ၃၀ရက်ထိဖြစ်ပြီး
ထို့နောက် ပြည်ဝင်ခွင့်ဗီဇာများကို လုပ်ကိုင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။
ခရီးစဉ်အသေးစိတ်ကို Pastor R.FELIX
ဖုန်း - ၀၉-၄၂၀၀၉၉၇၇၃
လိပ်စာ - အမှတ်(၁၉၆)၊ အခန်း(၂)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ရန်ကုန်

NEW WAY 095403844,0973217877
✦အလောင်းတော်ကဿပ(သီးသန့်) ✦ရွှေစက်တော်နှင့်အထက်ဘုရားစုံဖူး ✦မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် ✦ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ)(သောကြာ)
ကျိုက်ထီးရိုး(နေ့စဉ်) ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှားစီစဉ်ပေးသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)ရှိ လက်နှိပ်စက်(၇)လုံး၊ စာကူးစက်(၄)လုံး၊ မိတ္တူကူးစက်(၁)လုံး၊ ကွန်ပျူတာ(၇)လုံး၊ Overhead Projector (၁)လုံး၊ Fax (၁)လုံး၊ ဂဏန်းပေါင်းစက်(၈၁)လုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) တည်နေရာ | - | စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော် |
| (ခ) အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်၊အချိန် | - | ၅-၃-၂၀၁၃ ရက်မှ ၁၁-၃-၂၀၁၃ ရက်ထိ နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ |
| (ဂ) အိတ်ဖွင့်တင်ဒါ ပြုလုပ်မည့်ရက်၊ အချိန် | - | ၁၂-၃-၂၀၁၃ ရက် (၁၃း၀၀)နာရီ |
| (ဃ) အိတ်ဖွင့်တင်ဒါ ရောင်းချမည့်နေရာ | - | စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော် |
| (င) အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည့် နေ့ရက်၊ အချိန်၊ နေရာ | - | ၁၂-၃-၂၀၁၃ရက် ၁၀း၀၀နာရီမှ ၁၃း၀၀နာရီထိ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော် |

၂။ အဆိုပါပစ္စည်းများ၏ အခြေအနေအား စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်၌ တင်ဒါပုံစံရောင်းချမည့်နေ့ရက်များတွင် ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက တင်ဒါဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၆၀၆၆၊ ၀၆၇-၄၀၆၁၁၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ချမ်းပိုင်သစ္စာ အဆင့်မြင့်ခရီးသွားပို့ဆောင်ရေး
✦မြတ်မော်တင်စွန်းဘုရားပွဲတော် (Mar 15,22) 30000
✦မန်းရွှေစက်တော် (တား တည်း ငြိမ်း) ဘုရားဖူး-သောကြာ 40000
✦အလောင်းတော်ကဿပ (သီးသန့်)လမ်းဘုရားစုံ 55000
စီးလုံးငှားခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့်စီစဉ်ပေးပါသည်။
ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ (နေ့စဉ်)
ချောင်းသာ Hotel Package စီစဉ်ပေးပါသည်။
0973198239, 0943033237, 0973163538

ပျောက်ဆုံးခြင်း
ကျွန်တော် ဦးသိန်းလင်းအောင်[၁၂/ဒဂရ(နိုင်) ၀၀၈၂၆၇]၏ နိုင်ငံကူးလက်မှတ်(A 029049) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၀၈၉၀၄၂

ဆရာမိုးကျော်မြင့်(သင်္ချာ)
B.E (Mechanical)
ကောင်းမြတ်
၈ တန်း၊ ၉ တန်း၊ ၁၀ တန်း
သင်္ချာငွေ(၃)လဖြတ်
ဘာသာစုံစာသင်ဝိုင်း
နေ့တက်ဘော်ဒါ
၇-၃-၂၀၁၃ စမည်။
အမှတ် (၁၁၇)၊ ၂၂လမ်း(အထက်)လသာမြို့နယ်။ Ph: 09-43176205

To Open Mind and Knowledge of Society
MYANMAR NEWSWEEK JOURNAL
နောက်ဆုံးရပြည်တွင်းပြည်ပသတင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်းထွက်ပြီ

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-65000
No-၁၁/၁၃၃၃ လှည်းငှားလမ်းဒိုလီတထောင်။
Ph-203519
09 516 1773, 09 731 61773


၁၉၃၃ - ခုနှစ် တည်ထောင်သည့်
ရွှေမန်းတောင်
အမှတ်တံဆိပ်
အကြောပြေ မျက်စိကြည်ဆေး
ပြန့်ချိရေး- အမှတ်(၁၀၂)၊(၃၈)လမ်း အောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

EMPEROR Travels
ကျိုက်ထီးရိုး/ချောင်းသာ
တောင်ကြီး၊ အင်းလေး၊ ထမ်စမ်း၊
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ
ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပဒုမ္မာ
စင်းလုံးငှား အထူးနှုန်း
01-202628, 09-5075168

နှင်း အဆင့်မြင့် Air con Express
အဆင့်မြင့် တည်းခိုခန်း
နေ့စဉ် စရိတ်ငြိမ်း
ကျိုက်ထီးရိုး 25000/35000
ချောင်းသာ 30000/40000
(Hotel Package စီစဉ်ပေးပါသည်)
09-421063033 09-43117021

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

**အားကစား**

# ပရီမီယာလိဂ်ထိပ်တန်းလေးသင်း စာရင်းဝင်ဖို့ခက်ခဲလာသည့်အာဆင်နယ်

မတ် ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်တွင် အာဆင်နယ်အသင်းက စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ်ထိပ်တန်းလေးသင်း စာရင်းဝင်ရန် ခက်ခဲလာခဲ့ကြောင်း အာဆင်နယ် အသင်းနည်းပြ အာစင်ဝင်းဂါးက အခိုင်အမာပြောကြားခဲ့သည်။

အာစင်ဝင်းဂါး ကိုင်တွယ်လျက်ရှိသော အာဆင်နယ်အသင်းသည် လက်ရှိတွင် တတိယနေရာမှ စပါးအသင်း၏ နောက်၌ ခုနစ်မှတ်အကွာတွင်ရှိနေပြီး စတုတ္ထနေရာမှ ချယ်လ်ဆီးအသင်းနှင့် ငါးမှတ်ကွာဟကာ အဆင့်ငါးနေရာသို့ ရောက်ရှိလာခဲ့သည်။

လက်ရှိအာဆင်နယ်အသင်းအတွက် နိုင်ပွဲပျောက်နေခဲ့ရသောကြောင့် အဆင့်(၄)နေရာရောက်ရေး ကြိုးစားယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ခက်ခဲသည့်အနေအထားတွင်ရှိနေကြောင်း ဆိုသည်။

သို့ရာတွင် အဆင့် (၄)နေရာအတွက် အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် အသင်း၏ နှစ်စဉ်စံချိန်ကို မပျက်ယွင်းအောင် ထိန်းသိမ်းမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံသားနည်းပြကြီး အာစင်ဝင်းဂါးကဆိုသည်။

အာဆင်နယ်အသင်းသည် ၁၉၉၅-၉၆ ခုနှစ်များမှ စတင်ကာ ပရီမီယာလိဂ်အဆင့် (၃)နေရာတွင် အမြဲလိုလို ရပ်တည်နေခဲ့မှုနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲကို ၁၅ နှစ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း၊ သို့ရာတွင် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခက်ခဲမှုရှိနေကြောင်းနှင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိလိုပါက ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့တွင် ဘိုင်ယန်မြူးနစ်အား ရှုံးနိမ့်ခဲ့မှုကို မတ် ၁၂ ရက်တွင် ဂျာမနီမြေ၌ ယှဉ်ပြိုင်ရမည့် ဒုတိယအကျော့တွင် အနိုင်ကစားရန်လိုအပ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

လက်ရှိတွင် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခွင့်အလမ်းကို ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဖလားရရှိခဲ့၍ ယူရိုပါလိဂ်နှင့်သာ ကျေနပ်ခဲ့ရသည့် စပါးအသင်းမှာ လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရမည့် အသင်းဖြစ်လာနိုင်ကြောင်း အာစင်ဝင်းဂါးက ဆိုသည်။





**နိုင်လင်းကြည်**

# တစ်ပတ်လုပ်ခလစာပေါင် ၁၃၀၀၀၀ ဖြင့် ဂါရတ်ဘေးလ်အား စာချုပ်သစ်ချုပ်ရန် စပါးအသင်းကမ်းလှမ်း

လန်ဒန်မြောက်ပိုင်းအခြေစိုက် တော့တင်ဟမ်ဟော့စပါးအသင်းသည် အသင်း၏ သမိုင်းတစ်လျှောက်တွင် အကောင်းဆုံးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် တောင်ပံကစားသမား ဂါရတ်ဘေးလ်အား စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ စာချုပ်သစ်ချုပ်ဆိုမည်ဟုဆိုသော်လည်း ဂါရတ်ဘေးလ်၏ စာချုပ်သစ်ချုပ်ဆိုမှုသည် လာမည့်နှစ်ဘောလုံးရာသီတွင် စပါးအသင်းချန်ပီယံလိဂ် ဝင်ခွင့်ရရှိမှုပေါ်တွင် မူတည်နေသည်ဟုဆိုသည်။

တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ပြီးခဲ့သည့် ဇွန်လက စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်သည်လည်း ၂၀၁၆ ခုနှစ်မှ ကုန်ဆုံးမည်ဖြစ်သည်။

သို့ရာတွင် စပါးအသင်းကမူ အသင်း၏အားထားရသည့် တောင်ပံကစားသမား ဂါရတ်ဘေးလ်ကို စိတ်ဝင်စားနေသည့် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့၏ လက်ထဲမရောက်သွားရေးအတွက် ဂါရတ်ဘေးလ်၏ လက်ရှိတစ်ပတ်လုပ်ခ လစာပေါင် ၇၅၀၀၀ ကို ထပ်တိုးပေးကာ စာချုပ်သစ်ကမ်းလှမ်းရန် အသင့်ရှိနေသည်ဟု ဆိုသည်။

စပါးအသင်းသည် ဂါရတ်ဘေးလ်အား အပိုဆုကြေးငွေအပါအဝင် တစ်ပတ်လုပ်ခ လစာပေါင် ၁၃၀၀၀၀ ပေးရန်လည်း အသင့်ရှိနေသည်ဟု ဆိုသည်။

ဂါရတ်ဘေးလ်ကမူ လက်ရှိစပါးအသင်း၏ ပရီမီယာလိဂ် အဆင့်လေးနေရာတွင် မြဲနေပါက ဝိုက်ဟတ်ဒ်လိန်းတွင်သာ ဆက်နေမည်ဖြစ်ကြောင်း သို့မဟုတ်ပါက လာလီဂါသို့ သွားရောက်ကစားရန်ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

# နောက်တန်းကစားသမား ဖာဒီနန်အား ဖာဂူဆန်စာချုပ်သစ်ချုပ်ဆိုမည်

မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်သည် ဝါရင့်ကစားသမားတစ်ဦးဖြစ်သည့် ရိုင်ယန်ဂစ်အား စာချုပ်သက်တမ်းတိုးခဲ့ပြီးနောက် ဖာဒီနန်ကိုလည်း တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ကမ်းလှမ်းမည်ဟုဆိုသည်။

နည်းပြဖာဂူဆန်သည် ရိုင်ယန်ဂစ်၏ အသက် (၄၀) ပြည့်မြောက်သည့် လာမည့်နှစ် ဘောလုံးရာသီအထိ စာချုပ်သစ်ချုပ်ဆိုပြီးချိန်တွင် လာမည့်နွေရာသီအပြောင်းအရွှေ့တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် အသက် (၃၄)နှစ်အရွယ်ရှိ မန်ယူနောက်တန်းကစားသမား ဖာဒီနန်ကိုလည်း စာချုပ်သက်တမ်းမကုန်မီ စာချုပ်နိုင်ရေးဆောင်ရွက်မည်ဟုဆိုသည်။

မန်ယူအသင်းသည် အသက်အရွယ်ကြီးပြီး ဝါရင့်သည့် ကစားသမားများ၊ ငယ်ရွယ်ပြီး သွက်လက်သည့် ကစားသမားများ၏ စည်းလုံးသောစိတ်ဓာတ်ခွန်အားဖြင့် ယခုနှစ်တွင် ပိုမို၍ရလဒ်ကောင်းများ ဆောင်ကြဉ်းနိုင်သည်ဟုဆိုကာ နောက်တန်းကစားသမား ဖာဒီနန်ကိုလည်း အိုးထရက်ဖို့ဒ်၌ တစ်နှစ်ဆက်ထိန်းကစားမည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ဆိုသည်။




## မွေးနေ့မင်္ဂလာဆုတောင်း

၅-၃-၂၀၁၃ ရက်တွင် ကျရောက်သော မေမေ ဒေါ်ခင်စန္ဒာထွန်း၏ နှစ် ၄၀ ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မေမေချစ်သော ခင်ပွန်း၊ သမီးများနှင့်အတူ ဘဝခရီးကို ပျော်ရွှင်ကြည်နူးစွာဖြင့်---။

မေမေကျန်းမာပါစေ။

ဖေဖေနှင့်သမီးများ

**BOSS** အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် **Laminate Flooring** ကြမ်းခင်းပြားများကို

ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချခင်းကျင်းပေးနေပါသည်။

အမှတ်(၂၇၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

Ph : 01-8603151, 09- 5426261, 09-5427271, 09-73152381

**ရွှေနဂါး**

ကျိုက်ထီးရိုး (နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

Ph. 209077,09-731 67000
209388,09-731 68000


## အမြန်ပြန်လာပါ



တစ်စုံတစ်ဦး၏ ဖြားယောင်းသွေးဆောင်မှုကြောင့် ဒေါ်စိုးသန္တာမျိုးကျော်[၁၂/ဗတထ(နိုင်)၀၃၅၈၂၅] အပေါ်ပုံသည် နေအိမ်မှ ထွက်သွားပါသည်။ သမီးလေးအရမ်းသတိရနေသည်။ အမြန်ပြန်လာပါ၊ အားလုံးခွင့်လွှတ်သည်၊ ဖြားယောင်းသွေးဆောင်ထားသူနှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်၊ သတင်းပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၅၂၇၁၆၄၅၊
၀၉၅၁၈၇၉၈၆


**မြတ်နိုးသူ** Travel & Tours Co.Ltd

**VIP Class**

| | | |
|---|---|---|
| မန်း၊ ပြင်ဦးလွင်၊ ပုဂံ (စွယ်တော်ငါးဆူ)၊ ပုပ္ပါး | Apr:13, | 150000 |
| မန်း၊ ပြင်ဦးလွင်၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး | Apr:13, | 130000 |
| ရွှေစက်တော်၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး | Apr:12, | 130000 |
| မန်း၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ ပြင်ဦးလွင် | Apr:12,14 - | 140000 |
| မန်း၊ ပြင်ဦးလွင်၊ မံစီ၊ ဝမ်တိန်၊ ရွှေလီ( 2 ညအိပ်) | Apr:12, - | 220000 |
| မန်း၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မိုးကုတ်၊ | Apr:13 | 170000 |
| ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ | Apr:12, - | 180000 |
| တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်၊ ဒီမောဆိုး | Apr:12,13 - | 180000 |
| တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ | Apr:13, - | 140000 |
| မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ထားဝယ်(ရှင်ကိုးရှင်) | Apr:12,13,14 - | 160000 |
| ဘားအံ၊ မြဝတီ၊ ကော့ကရိတ်၊ မဲဆောက်၊ ဖဝေါ | Apr:13, - | 160000 |

**Upper Class**

| | | |
|---|---|---|
| မန်း၊ ပုဂံ (စွယ်တော်ငါးဆူ)၊ ပခုက္ကူ | Apr:12,13 - | 90000 |
| မန်း၊ ပြင်ဦးလွင်၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ | Apr:12 - | 95000 |
| ရွှေစက်တော်၊ ပုဂံ၊ ပခုက္ကူ၊ ပုပ္ပါး | Apr:12,13 - | 90000 |
| မန်း၊ အလောင်းတော်ကဿပ၊ ပြင်ဦးလွင် | Apr:12,14 - | 110000 |
| တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ | Apr:13 - | 90000 |
| မန်း၊ ပြင်ဦးလွင်၊ ရွှေလီ၊ မံစီ၊ ဝမ်တိန် | Apr:12,13 - | 140000 |

* ဟိုတယ်စတိုင်၊ စားသောက်ဆိုင်၊ လေအေးပေးစက်ပါအဆင့်မြင့် ခေတ်မီလေအိတ်ကားကြီးများ၊ ဝန်ဆောင်မှုများစွာနှင့် - - - - -
* ခရီးစဉ်များအားလုံးတစ်ဆင့်သွားကားခ/ စက်လှေခ၊ တစ်ဖက်နိုင်ငံနယ်စပ်ဖြတ်သန်းခများ အလုံးစုံပါဝင်ပြီး ဖြစ်သည်။
* အထူးမေတ္တာရပ်ခံချက် - ထွက်ရှိမည့်ကားစီးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်း ပေးသွင်းထား ပေးပါရန်။

Star Hotel, Restaurant, New Model Air Coach, Special Services, ......
Ph: 01-551453, 09 5156297, 09 5014517, 09 5044489 ,09 450053758, 09 73162418 .

စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်ရေးအတွက် ရည်ရွယ်ထုတ်ဝေလိုက်တဲ့ *Myanmar B2B Management Magazine*

**လက်ဖက်ရည်တစ်ခွက်ကို မြည်းကြည့်ခြင်း**

(ပါမောက္ခဒေါက်တာအောင်ထွန်းသက် တွေ့ဆုံမေးမြန်းသည်)

- HR ပြဿနာ အဖြေရှာ
- ပြဿနာရှာသည့်ရေ၊ သို့မဟုတ် မြန်မာ့ရေကာတာစီမံကိန်းများ
- Disney ၊သို့မဟုတ် ပျော်စရာကမ္ဘာတစ်ခုကို ဦးဆောင်နေသူ
- ကမ္ဘာကြီးကိုပုံဖော်မယ့်ကုန်အမှတ်တံဆိပ်တွေအကြောင်းဟောပြောသူများနှင့်တွေ့ဆုံခြင်း
- လူမှုဘဝအခွင့်အလမ်းသစ်တွေနဲ့ အနာဂတ်မြို့လေးတစ်မြို့၊ သို့မဟုတ် ...
- တော်တည့်တည်ကြည်ကုမ္ပဏီ BOD
- သေးသေးလေးတွေက စရအောင်
- ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဦးဆောင်ဆွေးနွေးထားသည့် "ဈေးကွက်စီနိုင်ခေါ်မှုနှင့် မြန်မာနိုင်ငံကားလုပ်ငန်းများ"
- နရပတိစည်သူမင်းကြီး၏ခေါင်းဆောင်မှုစွမ်းရည်ကို လေ့လာခြင်း
- ပါရာဒိုင်းအရွေ့နှင့် ဘဝဖြစ်တည်မှုအကျပ်အတည်း စသည့် ဖတ်စရာ မှတ်စရာကဏ္ဍအစုံအလင်ဖြင့်...

DVD အခမဲ့

မတ်လထုတ် ထွက်ပြီ

Myanmar B2B Management Magazine



**အထက်မြန်မာပြည်သတင်း**

# စစ်ကိုင်းမြို့တွင် နှစ်စဉ်ကျင်းပနေသည့် ထူးထူးခြားခြားဘဲဥထုပွဲတော်



စစ်ကိုင်းမြို့သည် ရွှေဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်၍ ရှေးခေတ်ရိုးရာဓလေ့ယဉ်ကျေးမှု အငွေ့အသက်များ ယနေ့ထက်တိုင် ကျန်ရှိနေဆဲဖြစ်သည်။

တပို့တွဲလပြည့်နေ့တွင် ကျင်းပလေ့ရှိသည့် ထူးထူးခြားခြားပွဲတစ်ခုမှာ တပို့တွဲလပြည့် ဇိနမာရ်အောင် လောကချမ်းသာ ကြေးဘုရားကြီး၏ ဘဲဥထုပွဲတော်ဖြစ်သည်။ **(ယာပုံ)** လပြည့်နေ့ညမှစတင်ကာ သုံးညတိုင် ကျင်းပလေ့ရှိသည်။ ဘဲဥထုပွဲကျင်းပသည့် ကြေးဘုရားကြီးမှာ ဧရာဝတီမြစ်ကမ်းဘေးမြေဝတီရပ်(ရှေးအခေါ် အစေခံရပ်)တွင် တည်ရှိသည်။ ဧရာဝတီ မြစ်ကမ်းဘေးရှိ ပွဲနင်းကြီးဘုရားဝင်းအတွင်းမှာပင် ရှေးယခင်မှ ယခုတိုင် နှစ်စဉ်ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ဘဲဥထုပွဲတော်ကို နှစ်စဉ်တပို့တွဲလပြည့်ညပိုင်းတွင် ကြေးဘုရားကြီး၏ အရှေ့ဘက်ရှိ ပွဲနင်းဘုရားဝင်းအတွင်း ကျင်းပသည်။ ဘဲဥထုပွဲကျင်းပပုံမှာ တစ်မျိုးစိတ်ဝင်စားဖွယ်ဖြစ်သည်။ ဘဲဥပြုတ်ရောင်းပေးသည့်သူကအောက်ခံတောင်း(ခွဲတောင်းသို့မဟုတ် ထန်းလျှော်တောင်း)ထဲတွင် ပြုတ်ပြီး ဘဲဥများ ထည့်ထားကာ အပေါ်တွင်ဆန်ကော ခင်းပေးထားသည်။ ဘဲဥထုကြမည့် သူနှစ်ဦးရှိလာပါက တောင်းအတွင်းမှ ဘဲဥပြုတ်နှစ်လုံးကို ထုတ်ပေးသည်။ မြင်သာထင်သာရှိအောင် ရေနံဆီမီးခွက်(သို့) ဖယောင်းတိုင်ထွန်းပေးထားရသည်။ တစ်ယောက်တစ်လုံးစီ ကြိုက်ရာရွေးယူကာ တစ်ယောက်က အောက်မှ လက်နှင့်ဆုပ်ကိုင်ကာ ဘဲဥကို တည်ပေးထားရသည်။ကျန်သူက ဘဲဥကိုကိုင်ကာ အပေါ်မှ ထုရသည်။ ဘဲဥချင်းထိပ်ချင်းဆိုင်ကာ ရိုက်ခြင်းဖြစ်၍ တစ်ခါတစ်ရံအောက်ကအခံဘဲဥ ပိန့်သွားတတ်သည်။ တစ်ခါတစ်ရံ အထက်ကရိုက်သည့် အထုဘဲဥပိန့်သွားလေ့ရှိသည်။ ပိန့်သွားသည့် ဘဲဥဘက်ကအရှုံးဖြစ်သည်။ မည်သူရှုံးမည်၊ နိုင်မည်ကို ပုံသေတွက်၍မရချေ။ ဘဲဥရိုက်ကစားသူနှစ်ဦးသည် အတည်ဘက်နှင့် အရိုက်ဘက်ကို တစ်လှည့်စီနေရသည်။ ပိန့်သွားသည့် ဘဲဥကို နိုင်သူက ယူလိုက်သည်။ အနိုင်ဘက်ကဘဲဥကိုဒိုင်(ဘဲဥသည်)က ပြန်သိမ်းကာ အောက်ကတောင်းထဲသို့ ပြန်သိမ်းသည်။ ရှုံးသူ၏ဘက်မှ နို့ဆီဘူးထဲသို့ အရှုံးဘဲဥ အရေအတွက်ကို သိရှိနိုင်ရန် ပဲစေ့ (သို့)မန်ကျည်းစေ့ တစ်စေ့ ထည့်လိုက်သည်။ ဤသို့ဖြင့် ဘဲဥထုကစားသူ နှစ်ဦးသည် အထုဘက်နှင့်အခံဘက်ကို တစ်လှည့်စီနေကာ မိမိတို့သဘောကျ ကစားနိုင်သည်။ တစ်လှည့်တစ်ပြန်စီ ဘဲဥထုကစားကြရာတွင် အပိုလောင်းကြေးအနေဖြင့် ထုပြီးဘဲဥအပိန့် ငါးလုံးကြေး၊ ခုနစ်လုံးကြေးစသည်ဖြင့် ထပ်မံလောင်းကြေး ထပ်ကြသေးသည်။ ပြိုင်ပွဲအချိန်ကို ကန့်သတ်ချက်မထားဘဲ မိမိတို့ သဘောဆန္ဒအတိုင်း ကြိုက်သည့်အချိန် ရပ်နားနိုင်သည်။ ပွဲရပ်နားပြီဆိုလျှင် ဒိုင်က သူ့ဘက် ကိုယ့်ဘက်ရှိ နို့ဆီဘူးထဲမှ ပဲစေ့(သို့) မန်ကျည်းစေ့ကို ရေတွက်သည်။ ပဲစေ့အရေအတွက်အတိုင်း ကျသင့်ငွေကို ရှင်းပေးရသည်။ နှစ်ဖက်မှ အနိုင်၊ အရှုံးရှိသော်လည်း ဒိုင်လုပ်သူကတော့ နှစ်ဖက်လုံးကို ဘဲဥရောင်းလိုက်ရသည်။ နိုင်သူဘက်ကဘဲဥပြုတ်တွေတစ်ထုပ်တစ်ပိုးကြီး မြတ်လိုက်သော်လည်း သူလည်း သူ့ဘက်က ဘဲဥပိန့်သမျှ ရှုံးသမျှကို ငွေပေးချေရသည်။

အဆိုပါ ဘဲဥထုပွဲကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းရာချီရှိခဲ့ပြီ ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်က စစ်ကိုင်းအစေခံ ခံတပ်တွင် ဘုရင့်လှေတော်သား၊ လှေတပ်သားများ စခန်းချခဲ့ကြသည်။ ဧရာဝတီမြစ်ကြောင်းရန်ကို ကင်းစောင့်ကာကွယ်ကြရင်း လှေတပ်သားများသည် ပွဲနင်းကြီးဘုရားဝင်းအတွင်း တစ်ဦးနှင့်တစ်ဦး ဘဲဥထုတမ်းကစားလေ့ရှိခဲ့သည်။ မြစ်တစ်ဖက်ကမ်းအင်းဝဘက်တွင် ဆင်ကျုံးခံတပ်ရှိသည်။ အင်းဝဆင် ကျုံးခံတပ်မှ လှေတော်သားများသည်လည်း စစ်ကိုင်းဘက်သို့ လာရောက်ကာ ဘုရားပွဲတော် နွှဲပျော်ကြသည်။ ဘဲဥထုပွဲကို ဝင်ရောက်ဆင်နွှဲ ပျော်ပါးလေ့ရှိသဖြင့် အလွန်စည်ကားခဲ့သည်။ ထိုဓလေ့သည် အစေခံ ခံတပ်အနီးဝန်းကျင်တွင် အလေ့အထဖြစ်လာကာ ကြေးဘုရားကြီးပွဲတော်တွင် တပျော်တပါး ကျင်းပလာခဲ့ကြခြင်းဖြစ်သည်။ ကြေးဘုရားကြီး၏ ပွဲတော်သည်ပင်လျှင် ယခုအခါ (၁၀၇) ကြိမ်ရှိခဲ့ပြီဖြစ်၍ ဘဲဥထုပွဲမှာလည်း နှစ်ပေါင်း (၁၀၀) ကျော်ခဲ့လေပြီ။ ရိုးရာဓလေ့က မပျောက်မပျက် ရှင်သန်နေဆဲဖြစ်သည်။

ယခုနှစ်တွင် ဘဲဥရောင်းချသူ ၅၀ ခန့်ရှိသည်။ တစ်ညလျှင် ဘဲဥအလုံးရေ တစ်ဦးလျှင် ၄၀၀ ခန့်ရောင်းချကြရသည်ဟုဆိုသည်။ ဘဲဥဈေးက တစ်လုံးလျှင် ကျပ် ၁၅၀ ရောင်းချကြသည်။ ဘဲဥထုပွဲကို လာရောက်ဆင်နွှဲသူများကလည်း ပွဲနင်းကြီး ဘုရားပရိဝုဏ်အတွင်းတွင် တိုးတိုးဝှေ့ဝှေ့စည်စည်ကားကား ဖြစ်သည်။ ပျော်စရာကောင်းသလို စိတ်ဝင်စားစရာလည်းကောင်းသည်။ ကြေးဘုရားကြီး၏ ဆွမ်းတော်ပွဲတွင် ဘဲဥပြုတ်လေးများကို ပစ်တိုင်းထောင်ရုပ်လေးများလုပ်ကာ ကပ်လှူထားသည်ကလည်း သဘောကျစရာပင်။

ပွဲနင်းကြီးဘုရားဝင်းအတွင်းမှာ ဘဲဥထုပွဲလုပ်နေသကဲ့သို့ ဧရာဝတီမြစ်ဘေး ကွင်းပြင်တွင် ခြင်းပွဲ၊ ပိတ်ကားထောင် ရုပ်ရှင်၊ ဇာတ်ပွဲတွေကလည်း အပြိုင်ကြဲနေကြသည်။ သို့ရာတွင် ဘဲဥထုပွဲမှာက လူလျော့သွားသည်မရှိ။ သူ့ပရိသတ်နှင့်သူ စိတ်ဝင်တစားပျော်နေကြသည်။ တစ်မူထူးခြားသည့် ရိုးရာဓလေ့ပွဲလေးမှာ နှစ်စဉ်ဆိုသလို ဖိတ်ခေါ်ကျင်းပခြင်းမျိုးမဟုတ်ဘဲ အလိုအလျောက် စည်ကားနေသည်က တကယ့်ကို ဂုဏ်ယူစရာပင်။

**(နန္ဒာမင်းလွင်)**

# လင်းခေးမြို့နယ် ပရိယတ္တိသဒ္ဓမ္မပါလ စာမေးစာပြန်ပွဲတော်

**လင်းခေး မတ် ၄**

ယနေ့နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ထင်သာမြင်သာသော နည်းဗျူဟာများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံရေး၊ စီးပွားရေးကဏ္ဍအလိုက် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်စေပါသည်။ ထိုသို့ ပြောင်းလဲတိုးတက်စေသည်သာမက မိမိနိုင်ငံတွင် မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးများ၏ အမျိုး၊ ဘာသာ၊ သာသနာအလိုက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကဏ္ဍအသီးသီးကိုလည်း အားပေးကူညီလျက်ရှိသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်နှင့် ဟိုမိန်းမြို့နယ်ခွဲ ဒေသအတွင်းရှိ ပရိယတ္တိစာသင်ကျောင်းတိုက်များ၌ ပညာသင်နေသော စာသင်သံဃာတော်များ ကြီးငယ်မရွေးတို့ နှစ်စဉ်ကျင်းပသော (၃၁)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂ရက် နံနက် ၇နာရီက လင်းခေးမြို့ ပရိယတ္တိစာသင်တိုက် ကျောင်းကြီးကျောင်းတွင် ကျင်းပသည်။

လင်းခေးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်ကျောင်း ၅၇ ကျောင်းနှင့် ဟိုမိန်းမြို့နယ်ခွဲ အတွင်းရှိ ကျောင်းများမှ စာဖြေစာပြန် သံဃာအပါး ၁၈၀ ကျော်တို့က ဖြေဆိုစာပြန်ကြမည်ဖြစ်ပြီး စာပွဲတော်ကြီးကြပ် သံဃာဆရာတော် (၇၁) ပါးတို့ အမှူးပြု ဆောင်ရွက်ကြမည်ဖြစ်သည်။

ပွဲတော်ကို ၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်မှ ၈ ရက်အထိ ရှမ်းတိုင်းရင်းသားရိုးရာ အဆိုအကများနှင့် ဒေသထွက်သီးနှံများ လာရောက်ရောင်းချကြပြီး ဈေးပွဲတော်များခင်းကျင်းကာ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ် (လင်းခေး)**

# တရုတ်နိုင်ငံ၏ သစ်ထွင်းပန်းပုလက်ရာ ပခုက္ကူ-ရွှေတန့်တစ်ရွာ၌ ယနေ့တိုင်ထိန်းသိမ်းထား

**ပခုက္ကူ မတ် ၄**

ပခုက္ကူမြို့နယ်အတွင်း ပါဝင်သော ရွှေတန့်တစ်ရွာ၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်သရက္ခန်ရုပ်ပွားတော်မြတ်ကိန်းဝပ်စံပျော်လျက်ရှိသည်။ ထူးခြားလှပလက်ရာမြောက်သော တံကဲတော်ကြီးလည်းရှိသည်။ ပခုက္ကူမြို့နှင့် သုံးမိုင်ခန့်ကွာဝေးပြီး မြစ်ရေတင်နှင့် စပါးရွှေဝါများ ဖြစ်ထွန်းအောင်မြင်နေသောကြောင့် စီးပွားရေး အခြေအနေများလည်း ကောင်းမွန်ကြောင်း သိရသည်။ ရှေးယခင်ကပင် ယောနယ်၊ ချင်းပြည်နယ်ဒေသ၏ သစ်တင်ပို့မှုဆိပ်ကမ်းရွာဖြစ်ပြီး ယနေ့တိုင်အောင် သစ်တင်ပို့မှုရှိနေဆဲဖြစ်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ ရှေးယခင်ကပင် တရုတ်လူမျိုးများ သစ်ရောင်းဝယ်တင်ပို့မှုလုပ်ကိုင်ရာ အထောက်အထားအဖြစ် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိသော တရုတ်လူမျိုးများ၏လက်ရာ သစ်ထွင်းပန်းပုသေတ္တာကြီးမှာ သရက္ခန်ရုပ်ပွားတော်ကိန်းဝပ်စံပျော်သည့် တိုက်တော်အတွင်း အကျိုးဆောင်လူကြီးများက ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။

အဆိုပါ သေတ္တာကြီးအား ဖွင့်လှစ်ကြည့်ပါက ထူးခြားသောအမွှေးရနံ့များ ယနေ့အချိန်အထိ ရရှိနေဆဲဖြစ်ကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ရွှေတန့်တစ်ရွာကြီးသည် ချင်းတွင်း- ဧရာဆုံရာအနီးတည်ရှိပြီး ရေကြောင်းသွားလာမှု၊ ဆက်သွယ်မှု ကောင်းမွန်၍ ပခုက္ကူမြို့နှင့် ဧရာအနောက်ဘက်ကမ်းဒေသ၏ ဆိပ်ကမ်းကြီးအဖြစ် နိုင်ငံတော်မှ လုပ်ဆောင်ရန် လျာထားကြောင်း သိရသည်။

**နေဦးမောင် (ပခုက္ကူ)**

# ပြည်သူလူထု၏ နစ်နာမှုများအား ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် မတ် ၄**

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေမည့် သတင်းများ၊ ပြည်သူလူထု၏ နစ်နာမှုနှင့် မကျေနပ်မှုသတင်းများ၊ မှုခင်းဖြစ်စဉ်သတင်းများနှင့် ရဲတပ်ဖွဲ့မှ ကူညီဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်သည့်ကိစ္စရပ်များ၊ ရဲတပ်ဖွဲ့ဝင်များ၏ ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့်၊ အလွဲသုံးစား ပြုလုပ်မှု၊ အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၅၇-၂၄၉၈၇ သို့ ဆက်သွယ် သတင်းပို့ တိုင်ကြားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူလူထုထံ အသိပေးအကြောင်းကြားခြင်း

၁။ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်များအား ဖြေလျှော့ခြင်းများပြုလုပ်၍ နိုင်ငံတစ်ဝန်းကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၂။ ၁-၇-၂၀၁၁ ရက်နေ့မှစ၍ ၁၅-၁-၂၀၁၃ ရက်နေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၃၀၇၉၀၉၄ ထုတ်ပေးပြီးဖြစ်ပါသည်။

၃။ မိုးပွင့်အဆင့်(၅)အား ၁-၄-၂၀၁၃ ရက်နေ့တွင် ပြန်လည်စတင်မည်ဖြစ်ပြီး နှစ်လ ကွင်းဆင်း၊ နှစ်လမြို့နယ်ရုံးတွင် ဆောင်ရွက်ပေးမည့်စနစ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်သွားပါမည်။

၄။ သွေးနှောပြည်သူများအတွက် အခြေခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ရန် လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးနေပါသည်။

၅။ နိုင်ငံသားစိစစ်ရေးကတ်အတွက် အများဆုံး ၂၈ ရက်၊ ကတ်အသစ်ပြုလုပ်မှု ခြောက်ကျပ်၊ လဲလှယ်မှု သုံးကျပ်၊ မိတ္တူပြုလုပ်မှု ၁၀ ကျပ်နှင့်အိမ်ထောင်စုလူဦးရေစာရင်း (နေ့ချင်းပြီးအခမဲ့) ဆောင်ရွက်ပေးနေပါသည်။

၆။ ပြည်သူများဘက်မှ လိုအပ်ချက်မှာ ဓာတ်ပုံ သုံးပုံ၊ သွေးစစ်ချက်၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ မိဘနှစ်ပါး၏ ကိုင်ဆောင်လက်မှတ်မိတ္တူ၊ ရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ဖြစ်ပြီး ၎င်းတို့အတွက် ကုန်ကျစရိတ်များသည်ဌာနသို့ ပေးသွင်းရခြင်းမဟုတ်ဘဲ ပြင်ပသို့ပေးချေရသည့် ကုန်ကျစရိတ်များသာဖြစ်၍ ရောထွေးမမှတ်ယူစေလိုပါ။

၇။ နိုင်ငံတကာအလှူရှင်များ၏ ပူးပေါင်းကူညီမှုဖြင့် ၁၁-၆-၂၀၁၂ ရက်နေ့မှစ၍ ကရင်ပြည်နယ်တစ်ခုလုံးအတွက် ကိုယ်စီလိုအပ်ချက်အပါအဝင် ကတ်ပြားထုတ်ပေးပြီးသည်အထိ One Stop Service ဖြင့် (အခမဲ့)ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၈။ ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ကယားပြည်နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(ကျောက်ကြီးမြို့နယ်၊ MPS၊ စီမံကိန်းနယ်မြေ)၊ ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးမြို့နယ်နှင့် မြို့နယ်ခွဲနှစ်ခု၊ မွန်ပြည်နယ်ခုနစ်မြို့နယ်တို့တွင်လည်း One Stop Service ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးသွားပါမည်။

၉။ ကြားပွဲစားလုံးဝမလို(မလို)ပါ။ ဝိုင်းဝန်းသတင်းပေး ဖော်ထုတ်ပေးစေလိုပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ ကျေနပ်မှုမရှိက နေပြည်တော်ဦးစီး(ရုံးချုပ်) သို့ လူကိုယ်တိုင်ဖြစ်စေ၊ ပြန်လည်ရှင်းလင်းပေးနိုင်ရန် တိုင်ကြားသူ၏ လိပ်စာအပြည့်အစုံဖြင့် ဖုန်းနံပါတ် ၀၆၇-၄၃၁၀၁၆ နှင့် ၀၆၇-၄၃၁၀၄၄ တို့သို့ဖြစ်စေ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာ လက်ခံပါမည်။

၁၂။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သို့ပါ၍ အချက်အလက် မပြည့်စုံပါက လိုအပ်သည့်အချိန် ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## သွားလာရေးလွယ်ကူစေရန် တံတားပြုပြင်ပေးရန်လိုအပ်

**စစ်ကိုင်း မတ် ၄**

စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး အားကစားကွင်း အရှေ့ဘက်ထောင့် လေးလမ်းဆုံမှ သီတဂူသို့သွားသောလမ်းနှင့် ဖေယျာရပ်ကွက်သို့သွားသော လမ်းဆုံတွင် ယခင်က ရေထွက်ပြွန်တပ်ထားသည့် တံတား တစ်ခုရှိသည်။ ထိုတံတားပေါ်မှ စစ်ကိုင်းမြို့ မြို့မဈေး ကြီးမှ ရွှေမင်းဝံရပ်ကွက်အထိ ခရီးသည်များ ပို့ဆောင် ပြေးဆွဲပေးနေသည့် "မြို့ပြည်သာ" မော်တော်ယာဉ်လိုင်းမှ ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ရဟန်းရှင်လူများ နေ့စဉ် ဖြတ်သန်းသွားလာလျက်ရှိသည်။

၂၀၀၄ ခုနှစ် ဧရာဝတီတံတား(ရတနာပုံ) တည် ဆောက်စဉ်က တံတားကြီး ချဉ်းကပ်လမ်းခင်းရန်အတွက် ၁၀ ဘီးပါ မြေသယ်ယာဉ်ကြီးများ တံတားပေါ်မှ ဖြတ်သန်း သွားလာသဖြင့် တံတားခံနိုင်ဝန်မရှိ၍ တံတားအောက်မှ ရေထွက်ပေါက်ပြွန် ကျိုးပေါက်သွားသဖြင့် သက်ဆိုင်ရာမှ ရေထွက်ပေါက်ပြွန်ကို ပြန်မတပ်ဘဲ ပြွန်ပေါက်ကို ပိတ်၍ မြေဖို့လိုက်သည့်အတွက် ရပ်ကွက်နေပြည်သူများ သုံးစွဲ သောရေများသည် ထွက်ပေါက်မရှိဘဲ ရေများလမ်းဘေးတွင် အိုင်ထွန်းနေ၍ ညစ်ညမ်းကာ မကောင်းသော အနံ့ အသက်များထွက်နေသည်။ မကြာမီ မိုးရာသီရောက်လာ ပါက ရေများလမ်းပေါ်သို့ ကျော်လာ၍ လမ်းများပျက်စီး ပြီး ယာဉ်နှင့်လူများ သွားလာရေးခက်ခဲလျက်ရှိနေပါ၍ ရပ်ကွက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန်၊ ညစ်ညမ်းရေကြောင့် ကျန်းမာရေးမထိခိုက်စေရေးအတွက် ရေစီးရေလာကောင်းစေရန် ပျက်စီးနေသော တံတားကို ပြန်လည်ပြုပြင်ပေးပါရန် ရပ်ကွက်နေပြည်သူများက လိုလား လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

(၂၂၅)

## မြန်မာနှစ်ဆန်းမှစတင်၍ မုံရွာမြို့ ကန်သာယာတွင် ငါးနှင့် ရေသတ္တဝါများ ဇီဝိတဒါနဘေးမဲ့ပြုနိုင်

**မုံရွာ မတ် ၄**

မုံရွာမြို့ ရွှေတိဂုံပုံတူစေတီတော် တည်ထားလျက်ရှိသော ရာပြည့်ကပ် ကျော်မင်္ဂလာစေတီတော် တည်ရှိရာ ကန်သာယာကို လာမည့် ဧပြီ ၁ ရက်မှ စတင်၍ ဇီဝိတဒါနဘေးမဲ့ ကန်တော် မင်္ဂလာအဖြစ် သတ်မှတ်နိုင်တော့မည် ဖြစ်သည်။ ယခု မြန်မာနှစ်သစ်ကူး ကာလ သင်္ကြန်အပြီး နှစ်ဆန်းရက် များတွင် ရေသတ္တဝါများအား ဇီဝိတ ဒါနဘေးမဲ့ပြု လှူဒါန်းနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ မုံရွာမြို့ ကန်သာယာကို မြို့တည်နှစ်(၁၀၀) ပြည့် ၁၉၈၈ ခုနှစ်တွင် ရာပြည့် ကပ်ကျော်မင်္ဂလာ စေတီတော်တည် အပြီးတွင် ဇီဝိတဒါနဘေးမဲ့ကန် အဖြစ် သတ်မှတ်ခဲ့ရာ ငါးနှစ်တာမျှ တည်တံ့ခဲ့ပြီး အနောက်မြောက်တိုင်း စစ်ဌာနချုပ်က ငါးမျိုးများထည့်ရှိပြီး ရင်းနှီးမတည်၍ တရားဝင်ခွင့်ပြုချက် လိုင်စင်ဖြင့် စီးပွားဖြစ်မွေးမြူလာခဲ့ ကြရာ ယခုလာမည့် ဧပြီ ၁ ရက်မှ စတင်၍ ဘေးမဲ့ကန်အဖြစ် ပြန်လည် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။ မုံရွာမြို့ ကန်သာယာအတွင်း ရှိသော သား၊ ငါးတိရစ္ဆာန်များကို ဇီဝိတဒါနဘေးမဲ့ပေးနိုင်ရေးအတွက် ဘေးမဲ့ကန်အဖြစ်ခွင့်ပြုကြောင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ မုံရွာမြို့မှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် နေ့စွဲပါ စာအမှတ် ၂/၁၆ (၇၃၃)/ဦး ၆ ဖြင့် အကြောင်းကြား ထားသော်လည်း အနောက်မြောက် တိုင်းစစ်ဌာနချုပ်က ငါးမျိုးများ ထည့် ရှိပြီး ရင်းနှီးမတည်ထားခြင်းအား ထောက်ရှု၍ တရားဝင်ခွင့်ပြုချက် လိုင်စင်ဖြင့် စီးပွားဖြစ်မွေးမြူခြင်း အပေါ်ဘေးမဲ့ကန်သတ်မှတ်ခြင်းအား လက်ရှိငါးမျိုးများ ဖမ်းယူပြီးသည် အထိ ခေတ္တဆိုင်းငံ့၍ ရင်းနှီးမတည် ထားသော ငါးမျိုးများ ဖမ်းယူနိုင်ရေး အတွက် မတ် ၃၁ ရက်အထိ ငါးဖမ်း ခွင့်ပြုထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## ကျောင်းကုန်းမြို့နယ်က သိန်း ၁၀၀၀ အလှူ

**ကျောင်းကုန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် တလုတ်ကုန်း ကျေးရွာနေ(သီဟပဲမျိုးစုံရောင်းဝယ်ရေး)လုပ်ငန်းပိုင်ရှင် ဦးသိုက်စိုးနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မိသားစုက ပညာရေးအတွက် စာသင်ကျောင်းအား ငွေကျပ်သိန်း ၁၈၀ နှင့် ငွေကျပ်သိန်း ၈၀၀ တန်နှစ်ထပ်ဘုန်းကြီးကျောင်းတို့ အား ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါအလှူရှင် ဦးသိုက်စိုး က ပညာရေးအတွက် ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာရှိ တံခွန်တိုင် အလယ်တန်းကျောင်းဆောင်အား အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ RC ကွန်ကရစ်ခင်း သွပ်မိုးတစ်ထပ်တည်ဆောက်ရာတွင် ငွေကျပ်သိန်း ၄၀၀ ခန့်ကုန်ကျရာ ဦးသိုက်စိုးက ငွေကျပ်သိန်း ၁၈၀ လှူဒါန်းပါဝင်ဆောက်လုပ် ပေးခဲ့သည်။

ထို့အပြင် တလုတ်ကုန်းကျေးရွာတွင် ရွှေပန်းတောင်းအမည်ရှိ ဘုန်းကြီး ကျောင်းအား အလျား ၅၅ ပေ၊ အနံ ၄၆ ပေ၊ အမြင့် ၂၀ ပေ RC ကွန် ကရစ်ခင်း နှစ်ထပ်သွပ်မိုး၊ စတီးလက်တန်းမုခ်ဦး၊ နတ်လမ်းတို့ဖြင့် ခေတ်မီ ခံ့ညားလှပထည်ဝါစွာဖြင့် ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံ ဆောက်လုပ် လှူဒါန်းခဲ့သည့်အပြင် ကျောင်းအားရေစက်ချလှူဒါန်းရာတွင် ဘုန်းကြီးတစ်ပါး လျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ၄၅ ပါးပင့်ပြီး လှူဒါန်းကျွေးမွေးခြင်းကို ငွေကျပ် သိန်း ၃၀၀ အကုန်အကျခံကာ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀၀ ကျော်တို့ အား လှူဒါန်းခဲ့သည်ကို အံ့မခန်း အားကျဂုဏ်ယူမိပါသည်။

(၃၆၅)

## တောင်တွင်းကြီး၌ e- ပင်စင်ကတ်ဖြင့် ပင်စင်လစာထုတ်ပေး

**တောင်တွင်းကြီး မတ် ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်း ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား e-Pension Smart Card ဖြင့် ပင်စင် လစာထုတ်ပေးနိုင်ရေး ဇန်နဝါရီ ၈ ရက်မှစ၍ Smart Card များ စတင် ထုတ်ပေးခဲ့ပြီး e-Pension စနစ်ဖြင့် ဇန်နဝါရီ ၂၁ ရက်မှစ၍ ပင်စင် လစာများ ထုတ်ပေးခဲ့သဖြင့် ပင်စင် လစာထုတ်ယူကြသည့် အငြိမ်းစား ဝန်ထမ်းများ ယခင်ကလို အချိန် ကြန့်ကြာ နှောင့်နှေးမှုလုံးဝမရှိဘဲ မိနစ်ပိုင်းအတွင်း လွယ်ကူချောမော စွာ ထုတ်ယူရသဖြင့် အငြိမ်းစား ဝန်ထမ်းများက နိုင်ငံတော်အား ကျေးဇူးတင်ဝမ်းသာ ပျော်ရွှင်လျက်ရှိ ကြောင်း ပညာရေးအငြိမ်းစားဆရာကြီး ဦးခင်မောင်ရင်၏ ပြောပြချက်အရ သိရသည်။

တောင်တွင်းကြီးမြို့ မြန်မာ့ စီးပွားရေးဘဏ်တွင် အငြိမ်းစား ပင်စင်ထုတ်ယူသူ စုစုပေါင်း ၄၆၃၈ ဦး ရှိ၍ e-Pension Card ဖြင့် ထုတ်ယူသူ အငြိမ်းစားဝန်ထမ်း ၂၀၀၉ ဦးရှိပြီး ကျန်ရှိသည့် ပင်စင်စားများ e-Pension Card ရရှိရေး ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဦးဇော်မင်းသောင်း၏ ပြောပြချက် အရ သိရသည်။

(၅၈၀)

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့ လွှတ်ရေးစီမံကိန်းများဌာန၏ 66/11KV, 2MVA ကျောဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန၏ ဟားခါးဓာတ်အားခွဲရုံအား Turn Key စနစ်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆောင်ရွက်လိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက်- ၆-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၈-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**
**အင်ဂျင်နီယာဌာန**
**(အခြေစိုက်အလုပ်ရုံ-၃၊မရမ်းကုန်း)**

အခြေခံယာဉ်မောင်းသင်တန်းကို (၆-၃-၂၀၁၃)ရက်နှင့် စနေ/တနင်္ဂနွေအထူးသင်တန်းကို ၃-၃-၂၀၁၃ရက်တွင်ဖွင့်ပါမည်။ ၂၀-၂-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ "သ"လိုင်စင်နှင့်"ခ"လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၄-၃-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁**

**ပြောင်းလဲခေါ်ဆိုပါရန်**

ကွန်တော်ဦးထွန်းနောင် မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၅၇၁၆၂]၏သားဖြစ်သူ မောင်ကျော်ရာဇာအား ယနေ့မှစ၍ မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်ဇော်**

**အိမ်ငှားမည်**

တောင်ဥက္ကလာ၊ ၆ရပ်ကွက်၊ ဟံသာဝတီ ၂၂လမ်း၊ ဝေဇယန္တာလမ်း၊ ကျောကပ်မြေ ပေ၄၀×ပေ၆၀၊ 1 BN, ရေမီးအစုံ

**ဖုန်း-၀၁-၃၉၃၀၄၁၊**
**၀၉-၄၃၀၆၃၆၈၇**

**KING STAR** ဖုန်း - ၃၉၁၀၀၃ ၀၉၇၃၀၄၉၇၀၀
အောက်ပါဘာသာရပ်များလည်းအဆင့်ဆင့်သင်ကြားနိုင်ပါသည်။
ကွန်ပျူတာအတတ်သင် 20000Ks
အချိန်ညှိနိုင်းပေးသည်။
ကျွမ်းကျင်မှုကိုအလေးထားသင်ကြားပေးပါသည်။ သင်တန်းကာလ (တစ်လခွဲ)
၁။ အမှတ်(၁၁၈)မြေညီ၊ (၃၈)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
၂။ အမှတ်(၁၀၃)မြေညီ၊ (၃၉)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
➡ Internet (6000Ks)
➡ i-Office 2010
➡ D.T.P ☎ : 391754
➡ Graphic Design
➡ A+ Hardware
➡ Video Editing
➡ AutoCAD 2D,3D

**ကားမျိုးစုံ ငှားလိုသည်**
၄၅ ယောက်စီး၊ Mini-Bus များနှင့်အခြား ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ဆက်သွယ်ပါ။
Emerald Myanmar
Travels & Tours Co,. Ltd
Ph: 01-573808, 09-49589762, 09-421013999

သင် ပြင်ဆင်နေပြီလား ? EDUMAP ရှိတယ်
English Knowledge Thinking
EDUMAP Language Centre ☎ 095191046 ☎ 505965
တိုက်(၁)၊အခန်း(၁၈)ပထပ်၊လှည်းတန်းလမ်းဆုံအနီး

" မိဘတွေ ဘာလိုချင်တယ်ဆိုတာ ကျွန်ုပ်တို့သိပါတယ် "
**UEC** United Education Centre
အဆင့်မြင့် စာသင်ကျောင်းတော်
၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းများ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက်
✱ ၈၊၉၊၁၀ တန်းများ မတ်လဆန်းတွင် စမည်။ ၅၊၆၊၇ တန်းများ မေလဆန်း စမည်။
ကျောင်းကားများစီစဉ်ထားသည်။
✱ အခြားကျူရှင်၊ ကျောင်းကြီး ထပ်မံတက်ရောက်ရန် မလိုပါ။ အပြီးအစီး စီစဉ်ထားပါသည်။ အလယ်တန်းပြ ဆရာ၊ ဆရာမများ ခန့်ရန် ရှိသည်။
✱ အလယ်တန်းနှင့် အထက်တန်းအတွက် အတွေ့အကြုံရှိ Guide များ လိုအပ်သည်။
အဆောင်ပြည့်သည်အထိ ယုံကြည် အပ်နှံကြသော မိဘများအတွက် ကျွန်ုပ်တို့ အထူးပေးဆပ်သွားမည်။
" မိဘတွေရဲ့ဆန္ဒ၊ ကလေးတွေရဲ့ဘဝ UEC ကြောင့် ပြည့်ဝရမည် "
အမှတ် ၄၇၊ စံရိပ်ငြိမ် (၅) လမ်း၊ အင်းစိန်လမ်းမအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 515 7988, 09 50 80478, 09 730 65707

UMG Academic Institute
EDEXCEL (EIE) နှင့် CAMBRIDGE (CIE) အသိအမှတ်ပြု
IGCSE O-Level သင်တန်းများဖွင့်ပြီ
• အဆင့်မြင့်စာသင်ခန်းများ
• ပါရဂူဘွဲ့ရပါမောက္ခ၊ ကထိက ဆရာ/မများ
• သင်တန်းအထောက်အကူပြုအင်တာနက်ဝန်ဆောင်မှုများ
• သင်တန်းသားတစ်ဦး Laptop တစ်လုံးစနစ်ဖြင့်၊ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာသင်ကြားပေးမည်
2013 ခုနှစ် အတန်းသစ်အတွက် သင်တန်းသားများ လက်ခံနေပါပြီ
UMG Company - သီရိမင်္ဂလာဈေးဟောင်းပထမထပ်(ယာ) ကမ်းနားလမ်း၊ကြည့်မြင်တိုင်မြို့နယ်
ဖုန်း - 09 7323 6402, 09 863 1823, 09 503 7872,
01-215678,01-215679,01-2301580,01-2301581

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

စင်သီယာက ဝင်ပြောသည်။

"ဒါပေမယ့် သူကောင်းကောင်းပြင်တတ်မှာပဲ ဒက်ဒီ"

"အိုး . . . သမီးက ဘယ်လိုလုပ်သိသလဲ"

"သမီး သူ့ကို စစ်ကြည့်ပြီးပြီ၊ သူ အင်္ဂလိပ်စကား ကောင်းကောင်းနားလည်တယ် ဒက်ဒီ"

"အို . . . ဟို . . . ဟို၊ အင်္ဂလိပ်စကားနားလည် တာနဲ့ ကားပြင်တတ်ရောလား"

"ဒါပေမယ့် ပြင်ပါစေ ဒက်ဒီ၊ လာပြီးမှ သနားပါ တယ်"

"ကောင်းပြီ ဒီမှာ ဟေ့သူငယ် . . . မင်း ဖျက်တော့ မဖျက်ခဲ့နဲ့နော်"

မြင့်နွယ်၏ ရင်မှာ မခံချင်ဖြစ်မိ၏။ မခံချင်စိတ်ကို မျိုသိပ်ပြီး တည်ငြိမ်စွာဖြေ၏။

"ကျွန်တော် ကိုင်တောင်မကြည့်ပါဘူး၊ ကျွန်တော့် ဆရာ အမိန့်အတိုင်း ကြည့်ရုံ ကြည့်ပေးပါ့မယ် "

"ကဲ . . . ဒီလိုဆို ကြည့်"

ဒရိုင်ဘာနှင့် မြင့်နွယ်က ရှေ့မှသွား၏။ စင်သီယာ တို့ သားအဖကနောက်မှ လိုက်လာကြ၏။

ကားမှ စစ်ပြီးစ အရာရှိကြီးများသာ သုံးခွင့်ရှိသော စတေရှင် ဝက်ဂွန်း အလုံးဖြစ်၏။ စစ်ရောင်တော့မဟုတ်၊ ချောကလက်ရောင် ဖျော့ဖျော့နှင့် တောက်တောက် ပပဖြစ်၏။

ဒရိုင်ဘာက စက်ခေါင်းဖွင့်ပြ၏။

"နည်းနည်း ဂေါက်လှည့်ပြပါ"

"ငါ ဂေါက်လှည့်နှိုးပြီးပြီ မရဘူး"

"ကျွန်တော် စက်နှိုးခိုင်းတာ မဟုတ်ဘူး၊ ဂေါက် လှည့်ခိုင်းတာ ဖြည်းဖြည်း တစ်ပတ်ချင်း"

ဒရိုင်ဘာက မကျေနပ်လှဟန်ဖြင့် ဂေါက်လှည့်၏။

မြင့်နွယ်က စတတ်တာမော်တာ အလုပ်လုပ်ပုံကို ကြည့်သည်။ မော်တာသည် ချောချောမွေ့မွေ့ပင် လိုက် လည်သည်။

စတတ်တာမော်တာရော အင်ဂျင်ပါ 'ဂျမ်း'မဖြစ် သည်မှာ သေချာ၏။

"စက်နှိုးပြပါဦး"

"စက်နှိုးလို့မရဘူးလို့ ပြောတယ်မဟုတ်လား"

"နှိုးသာပြပါ"

ဒရိုင်ဘာသည် ကားပေါ်တက်ကာ သော့ဖွင့်ပြီး စက်နှိုး၏။ စတတ်တာမော်တာ ကောင်းစွာလည်သည်။ အင်ဂျင်လည်းလိုက်လည်သည်။

မြင့်နွယ်က လက်ပြထား၏။ ထို့နောက် ကားပေါ် တက်ကာ ဒရိုင်ဘာ၏ဘေး၌ ဝင်ထိုင်၏။

"ပြန်နှိုးပါဦး"

ဒရိုင်ဘာက စက်ပြန်နှိုးသည်။ မြင့်နွယ်က မော်တာ နှင့် အင်ဂျင်စက်လည်နေခိုက် အမ်မီတာကို ကြည့်သည်။

အမ်မီတာသည် နောက်သို့ နှစ်အမ်ပီယာခန့် ဆုတ် ပြ၏။

ကွိုင်၏ မူလပတ်လမ်းကြောင်း ချွတ်ယွင်းမှုသည် လည်းကောင်း၊ ထိပ္ပိုင့်ကပ်ခြင်းသည်လည်းကောင်း မဖြစ် နိုင်။

မြင့်နွယ်သည် အောက်သို့ဆင်းလိုက်ပြီး စက်ခေါင်း ဆီပြန်လာ၏။ ဒရိုင်ဘာကိုလည်း ခေါ်ယူသည်။

စင်သီယာတို့ သားအဖကား မြင့်နွယ်လုပ်ကိုင်နေ ပုံကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။

မြင့်နွယ်က အရေးပိုင်မင်းကိုကြည့်၍ ပြောသည်။

"စောစောက ကျွန်တော် ကိုင်တောင်မကြည့်ပါဘူးလို့ ပြောခဲ့တယ်၊ ဒါပေမယ့် ဝိုင်ယာဆက်ထားတာတွေတော့ နည်းနည်းကြည့်ပါရစေ"

အရေးပိုင်က သဘောကျဟန်ပြုံးလိုက်ပြီး ခေါင်း ညိတ်ပြ၏။

မြင့်နွယ်က လက်ဝင်သော သော့ခလုတ်နေရာမှ တစ်ပါး မီးပေးစနစ်၏ ဝိုင်ယာကြိုးများအားလုံးကို လိုက် စစ်၏။

တစ်နေရာမှာမှ အပြစ်မတွေ့။

စင်သီယာက သူ့ကို စိုးရိမ်ဟန် မျက်နှာလေးနှင့် လှမ်းကြည့်နေရှာ၏။

မြင့်နွယ်လည်း မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ထိပ္ပိုင့်ကွာလွန်းနေသလော၊ သို့မဟုတ် ကွန်ဒန်ဆာ ချွတ်ယွင်းသလော၊ ဒါမှမဟုတ် ကွိုင်ပင်ချွတ်ယွင်း သလော။ သုံးခုစလုံး ဖြစ်နိုင်သည်။ သည့်အပြင် ဆီသွား ဆီလာအပါအဝင် စက်ပိုင်းချွတ်ယွင်းမှုလည်း ဖြစ်နိုင်သေး သည်။

စစ်ဆေးရန် အလွယ်ကူဆုံးအပိုင်းမှ စမည်ဟု မြင့်နွယ် ဆုံးဖြတ်လိုက်သည်။

မြင့်နွယ်သည် ခစ်စတြီဗျူတာ ကက်ပ်ဖုံးပေါ်ရှိ ဗဟိုဝိုင်ယာကြိုးကြီးကို ဆွဲဖြုတ်လိုက်၏။

" ကဲ . . . ကိုဟိုဒင်း၊ မရှိမသေ စက်ပြန်နှိုးပေးပါဦး၊ ကျွန်တော်က လက်ပြမှ စတတ်တာကို နှိပ်ပေးပါ "

ဒရိုင်ဘာ ကားပေါ်ပြန်တက်သွား၏။

မြင့်နွယ်က ဆွဲဖြုတ်ထားသော ဝါယာစကို အင်ဂျင် တုံးမှ မကွာ့တကွာလေး ချရုံခွာထားပြီး ဒရိုင်ဘာကို လက်ဖြင့် အချက်ပေး၏။

စတတ်တာမော်တာရော အင်ဂျင်ပါလည်သည်။ အင်ဂျင်တုံးနှင့် ဝါယာစကြား မီးကူးသည်ကို မတွေ့ရ။

မြင့်နွယ်က ဒရိုင်ဘာကို လက်ပြ၏။ သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး အရေးပိုင်ကိုပြော၏။

"အပြစ်တွေ့ပါပြီ၊ ကွိုင် အလုပ်မလုပ်တော့ဘူး၊ ကွိုင်အပိုရှိသလား"

အရေးပိုင် သူ့ဒရိုင်ဘာကို မေးသည်။

"ရှိသေးလားဟေ့ မောင်ညို"

"ရှိပါတယ် ဝန်မင်း၊ အိမ်ထဲမှာ"

"အေး . . . သွားယူချေ"

စင်သီယာသည် မြင့်နွယ်အနီး ကပ်လာပြီး မေး၏။

"ယူ ဘယ်လိုလုပ် သိတာလဲ"

မြင့်နွယ်က ဝါယာကြိုးစကို အင်ဂျင်တုံးအနီး ပြန် ကပ်ပြပြီး ဖြေသည်။

"ကွိုင်ကောင်းရင် မီးဖြတ်ကူးတာ တွေ့ရမယ်၊ အခု မကူးဘူး၊ အသစ်ယူလာတော့ ကြည့်"

မကြာမီ ဒရိုင်ဘာသည် ကွိုင်အသစ်တစ်လုံးကို ယူ၍ ပြန်ရောက်လာသည်။

မြင့်နွယ်က ကွိုင်ဟောင်းကိုဖြုတ်ကာ ကွိုင်သစ်ကို လဲတပ်၏။

စောစောတုန်းကကဲ့သို့ပင် ဝါယာစကို အင်ဂျင်တုံး အနီး ကပ်ထားပြီး ဒရိုင်ဘာအား ကားစက်နှိုးစေသည်။ ဝါယာစမှအင်ဂျင်တုံးဆီသို့ စိမ်းဖန့်ဖန့် အရောင်ရှိသော မီးခုန်ကူး၏။

မြင့်နွယ်သည် ဝါယာကြိုးစကို ခစ်စတြီဗျူတာ ကက်ပ်ဖုံး ဗဟို၌ ပြန်ထိုးတပ်၏။

"ကဲ . . . နှိုးတော့ဗျို့၊ လီဗာတော့ အဆုံးအထိ အရင်နင်းထားပါ၊ ဓာတ်ဆီစော်တွေ နံနေတယ်"

ဒရိုင်ဘာက စက်ကိုနှိုး၏။ နှစ်ကြိမ်မြောက်တွင် ဝူးခနဲ စက်နိုးလာ၏။

စင်သီယာက ဝမ်းမြောက်ဟန်နှင့် ခြေဖျားလေး ထောက်ပြီး လက်ခုပ်တီး၏။

အရေးပိုင်က စိတ်တိုင်းကျဟန်ပြုံးပြီး ခေါင်းညိတ် ၍ "မင်း စလိုးကော ချိန်တတ်သလား"ဟု မေးသည်။

"ချိန်တတ်ပါတယ်"

"အေး . . . ချိန်တတ်ရင် ပြန်ချိန်သွားစမ်း၊ စလိုး နည်းနည်းများနေတယ် ထင်တယ်"

အင်ဂျင်က မှန်မှန်ခုတ်နေ၏။ မြင့်နွယ်က စက်သံ နှင့် တုန်ခါမှုကို လေ့လာသည်။

"စလိုး မများပါဘူး ခင်ဗျ၊ မှန်သားပဲ"

"ခုနေတော့ ဟုတ်တယ်၊ စက်အေးနေလို့လား မသိ ဘူး၊ နေ့ခင်းကြာကြာမောင်းပြီးရပ်လိုက်ရင် စက်မသတ် ခင် မြန်တာမှ အရမ်းပဲ၊ ပန်ကာသံကို တဝှီဝှီနဲ့"

"ကြာကြာမောင်းပြီးရင် ဖြစ်တယ်"

"အေး"

"ကျွန်တော် ခဏ လီဗာ နင်းကြည့်ပါရစေ"

"ကြိုက်သလိုလုပ်"

မြင့်နွယ်က ဒရိုင်ဘာနေရာတွင် ဝင်ထိုင်ပြီး လီဗာကို ဖြည်းဖြည်းချင်းမြှင့်၏။ အရှိန်ကောင်းကောင်းမှန်မှန်ဖြင့် ကားပြေးသောနှုန်းလောက်တွင် လီဗာကို အမှန်ထားကာ တစ်သမတ်တည်း ကြာကြာလေး နင်းထား၏။

စိတ်ကျေနပ်လောက်မှ လီဗာကို ပြန်လျှော့ပြီး စက် မသတ်သေးဘဲ အောက်သို့ ဆင်းလာ၏။

အရေးပိုင် ပြောသကဲ့သို့ပင် အင်ဂျင်သည် သွက် သွက်လည်နေကာ ပန်ကာကလည်း တဝှီးဝှီး မြည်နေ၏။

မြင့်နွယ်က လီဗာနှင့် ထရော့တယ်လ်ဗားကို ဆက် သွယ်ထားသော မောင်းတံလေးများကို နောက်သို့ လက်ဖြင့်တွန်းလိုက်သည်။ ခဏမှာပင် စက်ရှိန်မှာ လျော့ ကျသွားပြီး မှန်မှန်လေးသာ ခုတ်နေတော့၏။

အရေးပိုင်က မျက်ခုံးကိုပင့်ပြီး ဆို၏။

"ဟေ . . . ဘယ်လိုလုပ်လိုက်တာလဲ"

"စလိုးများနေတာ မဟုတ်ပါဘူး၊ ဆောင်းတွင်းဆို တော့ အမဲဆီတွေက ခဲနေတယ်၊ ပြီးတော့ ဒီမှာ ချေးတွေ ကလည်းကပ်နေတယ်၊ ကြာကြာလေးနင်းပြီး ခြေထောက် က ပြန်လွှတ်လိုက်ပေမယ့် မောင်းတံတွေက နဂိုနေရာ ပြန်မရောက်ဘူး၊ ဒီတော့ အထဲက ထရော့တယ်လ်ဗားက ပိုပွင့်နေပြီး စက်က မြန်နေတာ၊ အဲဒါသွားပြီး စလိုးချိန် တာ ကလိရင် စက်ပျက်မှာ၊ကျွန်တော့်ဆရာက သင်ထား တယ်၊ ရိုးရိုးလေးတွေကအစ အရင်စဉ်းစားရတယ်တဲ့၊ ခဲရာခဲဆစ်ကို နောက်ဆုံးမှ တက်ရမယ်တဲ့"

"အေး . . . ကြိုက်ပြီကွ၊ မောင်ညိုတို့ကတော့ ထစ်ခနဲရှိရင် ဝက်အူလှည့် ကောက်ကိုင်တာပဲ၊ စလိုးချိန် တာတို့၊ တိုင်မင်မြှင့်တာ နှိမ့်တာတို့၊ ကာဗရိုက်တာ ကလိတာ တို့ အားကြီး ဝါသနာပါတယ် "

"ကာဗရိုက်တာနဲ့ ကပ်တောက်ကို ကိုယ့်ဘာသာကိုယ် မတို့တာကောင်းတယ်၊ ကျွန်တော်လည်း ဘယ်တော့မှ မတို့ဘူး၊ အဲဒါတွေက အင်မတန် ကျွမ်းကျင်သူတွေမှ ကိုင်ရတာတွေ "

မြင့်နွယ်က မောင်းတံများရှိ အမဲဆီဟောင်းများကို အဝတ်ဖြင့်သုတ်ပစ်ပြီး အမဲဆီသစ် လိုက်တို့ပေးသည်။

ကိစ္စက ပြီးပေပြီ။ စောစောကချမ်းနေသော မြင့်နွယ် မှာ ယခုအခါ ချွေးများပင် စို့နေ၏။

အရေးပိုင်က မေး၏။

"အေး . . . ဘယ်လောက်ကျလဲကွယ့် "

"သိပ်ကျမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒါ ဆရာဦးဘသက်ကို မေးပြီးပေးပါ "

"ဟေ . . . မင်းကတော့ မရဘူးလား "

"ဆရာက ကျွန်တော့်ကို ကြည့်ပေးပါလိမ့်မယ် "

အရေးပိုင်သည် ပြုံး၍ခေါင်းညိတ်ပြီး အိမ်ဘက် ပြန်သွား၏။ စင်သီယာက ခဏနေပြီးမှ သူ့အဖေနောက် ပြေးလိုက်သွား၏။

မြင့်နွယ်က သူ့တူးလ်ဘောက်စ်လေးကို ကောက် ကိုင်၏။

(ဆက်လက်ဖော်ပြပါမည်)

" စလိုးများနေတာ မဟုတ်ပါဘူး၊ ဆောင်းတွင်းဆိုတော့ အမဲဆီတွေက ခဲနေတယ်၊ ပြီးတော့ ဒီမှာ ချေးတွေကလည်းကပ်နေတယ်၊ ကြာကြာလေးနင်းပြီး ခြေထောက်က ပြန်လွှတ်လိုက်ပေမယ့် မောင်းတံတွေက နဂိုနေရာ ပြန်မရောက်ဘူး၊ ဒီတော့ အထဲက ထရော့တယ်လ်ဗားက ပိုပွင့်နေပြီး စက်က မြန်နေတာ၊ အဲဒါသွားပြီး စလိုးချိန်တာ ကလိရင် စက်ပျက်မှာ၊ ကျွန်တော့်ဆရာက သင်ထားတယ်၊ ရိုးရိုးလေးတွေကအစ အရင်စဉ်းစားရတယ်တဲ့၊ ခဲရာခဲဆစ်ကို နောက်ဆုံးမှ တက်ရမယ်တဲ့ "

**မြေတိုင်းသင်တန်း**

Geology, Civil နှင့် မြေတိုင်းလုပ်ငန်း စိတ်ဝင်စားသူအားလုံးအတွက် သင်တန်းအပတ်စဉ် (၅၀) (၁၂.၃.၂၀၁၃)စမည်။

အခြေခံ သီအိုရီမှစ၍ Total Station, Auto level, GPS တို့ဖြင့် Construction Survey, Topographic Survey, Road Survey တိုင်းတာခြင်းများကို ကျွမ်းကျင်အောင် သင်ကြားပေးမည်။

သင်တန်းကာလ (၁)လ အင်္ဂါ မှ သောကြာ (၁း၀၀ - ၄း၃၀)နာရီ

သင်တန်းကြေး - ၈၀၀၀၀ ကျပ်။

(စင်ကာပူရောက် တပည့်များစွာမွေးထုတ်ပေးခဲ့သောသင်တန်း)

2. Land Development Program ဖြင့်မြေပုံရေးဆွဲခြင်းသင်တန်း။ (ကွန်တိုမြေပုံ Contour map၊ Profile နှင့် Cut/Fill Volume တွက်ချက်ခြင်းများ ပါဝင်မည်။ (၇၀၀၀၀ ကျပ်) (၉း၃၀ - ၁၁း၃၀)

**မြေတိုင်းလုပ်ငန်းအမျိုးမျိုးအား ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးပါသည်။**

*GEO APPLIED (Surveying Group)*

တိုက်-47/B, 6 floor, (4) လမ်း၊ လမ်းမတော်။ (ကီလီမှတ်တိုင်)

09-73155235, 0949337715, 09420169727

**YAG ငွေပန်းချီသင်တန်း**

အမှတ်-၂၇၃၊ ၅လွှာ၊ ဗညားဒလလမ်း၊ တာမွေ။

Ph - 205136, 09 5065833

'အရွယ်ရောက်သူတိုင်းအတွက်ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း'

Course in driving skills for all adults.

**ကောင်းဝေ**

**KAUNG WAI**

(ယာဉ်မောင်းစက်ပြင်ထိန်းသိမ်းသင်တန်း)

အမှတ်၇၃၊ သုဓမ္မာလမ်းမကြီး(၂)ရပ်ကွက်၊ (ဘုန်းကြီးလမ်းအနီး)၊ မြောက်ဥက္ကလာပမြို့နယ်။

ဖုန်း-၀၉-၄၃၁၉၂၁၃၉၊ ၀၉-၄၃၁၃၉၀၆၅၊ ၀၉-၄၃၁၅၅၇၉၀၊

၀၉-၄၃၁၅၇၁၉၀၊ ၀၉-၅၁၄၀၁၀၃၊ ၀၉-၇၃၂၁၃၄၁၆

(နည်းပြဆရာ၊ ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြားလိုပါက သီးခြားစီစဉ်ပေးပါမည်။)

**လက်ခွဲ** အိမ်ခြံမြေနှင့် Car Rental

09 73203358, 09 73021929

ခရီးစဉ်အမျိုးမျိုးသွားရန်နှင့် လချုပ်ငှားရန်ကားမျိုးစုံရှိသည်။ ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်မောင်သက်ဦးလွင်[၁၂/ဥကမ(နိုင်) ၁၇၅၈၅၃]၏ နိုင်ငံကူးလက်မှတ်အမှတ်- ၃၁၁၈၃၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၅၀၁၄၃၁

" ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၊ စီ(၁၁)လမ်း၊ စိုက်ပျိုးရေးမြေကွက်အမှတ်– ၂၉၅/ ၂၉၆ (၂)ယူနစ်အား မူလလုပ်ကိုင်ခွင့်ရရှိသူ ဒေါ်နွယ်နီဝင်းထံမှ ဝယ်ယူ၍ လုပ်ငန်းဆက်လက်လုပ်ကိုင်လျက်ရှိသဖြင့် လုပ်ငန်းရှင်အမည်ပြောင်းလဲလုပ်ကိုင်ခွင့်ပြုပါရန် ဒေါ်တင်ရှင်း ( ၁၃/တကန (နိုင်) ၀၈၅၄၃၅ )က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၊ စီမံခန့်ခွဲရေးကော်မတီထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)
စီမံခန့်ခွဲရေးကော်မတီ

KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက် ၏ (၉၉)–ခုမြောက်

# မူဆယ် (၂)၊ နန်းတော်ပေါက်ဘဏ်ခွဲ ကို

## ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့ တွင်

## ၅.၃.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

## ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

## မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

## သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

**မူဆယ်(၂)၊ နန်းတော်ပေါက်ဘဏ်ခွဲ**
အမှတ်(ကလ–၂၁)၊ ကောင်းမူးလွယ်ရပ်ကွက်
ပြည်ထောင်စုလမ်းမကြီး၊ မူဆယ်မြို့။
ဖုန်း – (၀၈၂) ၅၂၆၆၄၊ ၅၂၆၆၅
ဖက်စ် – (၀၈၂) ၅၀၄၁၂၊ ၅၁၄၂၄
**www.kbzbank.com**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်စန္ဒာထွန်း (ကထိက၊ အီလက်ထရွန်နစ် အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ဖခင် ဦးဉာဏ်ထွန်း (ဥပဒေအရာရှိ၊ အဆင့်-၁၊ ငြိမ်း) အသက်(၈၃)နှစ် သည် ၂၈- ၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းစန်းရီ (၇၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးအေးကျော်လွင်၏ ဇနီး ဒေါ်စန်းစန်းရီသည် ၂-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အငြိမ်းစားဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးညွန့်ရွှေ (၆၅)နှစ်
### (ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)

ဦးညွန့်ရွှေသည် ၂-၃-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS(45) မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်အောင်
## အသက်(၆၃)နှစ်
### စခန်းမှူး(ငြိမ်း)ဖောင်ကြီးသူရ အပတ်စဉ်(၇)

သူငယ်ချင်း ၂၇-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဖောင်ကြီး၊ သူရ(၇)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းညွန့်အောင်(ငြိမ်း) အသက်(၆၃)နှစ်

အထက(၃) ဗိုလ်တထောင်မှ ဆရာဦးသိန်းညွန့်အောင်(ငြိမ်း)သည် ၁-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၃) ဗိုလ်တထောင်၊ ပညာရေးမိသားစု**

## ဦးကျော်ဆွေ
## အသက်(၇၆)နှစ်
### (ပြည်ထဲရေးဝန်ကြီးဌာန-ငြိမ်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး(၃)လမ်း၊ အမှတ်(၃၅)နေ ဦးလှအောင်-ဒေါ်ရီရီမြင့်(မြန်မာ့သစ်လုပ်ငန်း)၊ ဦးသန်းထွန်း(သာသနာရေးဦးစီးဌာန)-ဒေါ်ကြူကြူမြင့်၊ ဒေါ်သီသီမြင့်(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)တို့၏ဖခင်၊ ဒေါ်စန်းတင်၏ ခင်ပွန်း၊ မောင်ထွန်းမြတ်သူ၊ မောင်ခန့်ဇင်ဟိန်း တို့၏ အဘိုး သည် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လေးမြင့်
## အသက်(၅၆)နှစ်
### (နောင်ဘို/လယ်ဝေး)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မီးရထားကြီးကြပ်ရေး တိုက်(၂)၊ အခန်းအမှတ်(၁၃)နေ (ဦးစိန်မြင့်-ဒေါ်အုန်းကြည်)တို့၏သမီး၊ (ဦးအေးလွင်)-ဒေါ်ကျင်ညိမ်းတို့၏သမီးချွေးမ၊ မောင်မောင်ကျော်ညွန့် - မမေဇင်ဦး (ခေတ္တ-စင်ကာပူ)၊ မောင်အောင်ကိုကို၊ မမေဖြိုးသူ(ခေတ္တ-ကိုရီးယား)၊ မောင်ရဲကိုကို-မဇာဖြူဝင်းတို့၏ မိခင်၊ ဦးအေးကို(လက်မှတ်အုပ်/ရုံးချုပ်၊ အထူးအဖွဲ့-၃၊ ရန်ကုန်၊ မြန်မာ့မီးရထား)၏ ဇနီး၊ မြေးတစ်ယောက်၏ အဘွားသည် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်နှင့် ရန်ကုန်ဘူတာကြီးမှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးလှရှိန်(မိသားစုဒန်အိုးစက်)
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၅၂)နေ (ဦးပန်းဒွေး-ဒေါ်ပုတို)တို့၏သား၊ (ဦးဖေသော်-ဒေါ်လှရင်)တို့၏ သားသမက်၊ (ဒေါ်အုန်းမြင့်)၏ခင်ပွန်း၊ ဦးရဲညွန့်- ဒေါ်ဝင်းမြိုင်၊ ဒေါ်ခင်စိုးဝင်း (အလက-၅၊ မရမ်းကုန်း)၊ (ဦးကျော်ကျော်)-ဒေါ်ခင်မျိုးဝင်း၊ ဦးမြင့်အောင်-ဒေါ်မိုးသူဇာ၊ ဦးဇင်ဦး-ဒေါ်သီတာအေး၊ ဦးကျော်စိုးဝင်း-ဒေါ်အေးကြာနု၊ ဦးဟန်စိုးလင်း-ဒေါ်ဝင်းမာလာ(ခေတ္တ-စင်ကာပူ)၊ မမြသီတာ(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်၏အဘိုး ဦးလှရှိန်သည် ၂-၃-၂၀၁၃ (စနေနေ့) ညနေ ၆း၂၅ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်ဇော်
## အသက်(၄၇)နှစ်
### (အင်းစိန်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားရပ်ကွက်နေ (ဦးဝက်ကြီး-ဒေါ်ညိုစိမ့်)တို့၏သား၊ ရွှေပြည်သာမြို့နယ်နေ (ဦးအောင်မြင့်) -ဒေါ်ခင်မေသက်တို့၏ သားသမက်၊ ပေါက်တောရပ်ကွက်၊ အမှတ်(၆၉)၊ ရတနာလမ်းနေ ဒေါ်ဉမ္မာမြင့်၏ ခင်ပွန်း၊ မခိုင်ဆုဝေ (အနောက်ပိုင်းတက္ကသိုလ်)၊ မဖြူဖြူသိမ်း(အထက-၂၊ အင်းစိန်)၊ မဝါဝါအောင် (Grade 7, အထက-၂၊ အင်းစိန်)တို့၏ ဖခင်၊ ကိုမြင့်အေး-မသီတာ၊ ကိုမောင်မောင်ထွေး၊ မတင်တင်ထွေးတို့၏ ညီ/အစ်ကို၊ မရတနာအေး(ဒဂုံတက္ကသိုလ်)၏ ဦးလေးသည် ၄-၃-၂၀၁၃ ရက် ညနေ ၃း၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ ရက်တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# မီးသတိပြု

# အနိစ္စ

### ရဟန်းဒါယကာကြီး
## ဦးတင်အောင်
## အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အုန်းတောလမ်းတိုနေ ဒေါ်မြမြဝင်း၏ ခင်ပွန်း၊ ဦးခင်မောင်မြင့်-ဒေါ်သီသီဝေ၊ ဒေါ်ကြည်ကြည်ဆွေ၊ ဦးမောင်မောင်အေး-ဒေါ်ရီရီမေ၊ ဦးသက်ခိုင်-ဒေါ်အေးအေးသင်တို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုး ဦးတင်အောင်သည် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်
## အသက်(၆၃)နှစ်
### ပီယမောင်ကားလုပ်ငန်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်(၄၄)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းနေ ပီယမောင်ကားလုပ်ငန်းပိုင်ရှင်(ဦးချစ်-ဒေါ်အုံးမေ)တို့၏သား၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ ကျိုက္ကဆံအိမ်ရာ တိုက်(၃)၊ အခန်း(၂၀၄)နေ ဒေါ်ခင်ခင်ငွေး [ကျောင်းအုပ်ဆရာမကြီး အထက(၂)၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်]၏ ချစ်လှစွာသောခင်ပွန်း၊ (မခင်မင်းမောင်)၊ ကိုရဲလွင်-မခင်နှင်းသော်၊ မောင်ဝင်းလျှံမင်း-မသန်းသန်းမိုး တို့၏ဖခင်၊ မောင်အောင်ကောင်းခန့်ဟိန်း၏ အဘိုး ဦးအောင်မြင့်သည် ၃-၃- ၂၀၁၃ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၁၃ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်ဒါယကာ
## ဦးသိန်းဇော်
## အသက်(၅၉)နှစ်
### ကျန်းမာရေးဦးစီးဌာန

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ အရှေ့ဈေးလမ်း၊ ကျန်းမာရေးအိမ်ရာ၊ ခြံအမှတ်(၃၄)၊ တိုက်(၂)၊ အခန်း(၂၀)နေ(ဦးကောက်-ဒေါ်မှိ)တို့၏သား၊ (ဦးဘစိန်-ဒေါ်အုန်းသင်)တို့၏ သားသမက်၊ ဒေါ်ယဉ်ယဉ်နု၏ ခင်ပွန်း၊ (မောင်မျိုးမင်းထွန်း)၊ (မခိုင်ဇာ ဝေ)တို့၏ ဖခင်၊ (ဦးဟုတ်သန်း)၊ ဒေါ်အ မာခင်၊ ဦးအောင်မြင့်-ဒေါ်တင်တင်လှိုင် (မင်္ဂလာဈေး၊ ဆေးဆိုင်) တို့၏ ညီ/မောင်၊ ဦးတင်ဝင်း၊ ဒေါ်နီတို့၏ အစ်ကို (ဦးစန်းမောင်-ဒေါ်သိန်းသိန်း)၊ (ဦးအောင်သောင်း)-ဒေါ်ယဉ်ယဉ်နွဲ့(အလယ်တန်းပြ-ငြိမ်း)၊ (ဦးစိုးဝင်း)-ဒေါ်လှလှချိုတို့၏ မောင်/ညီ ဦးသိန်းဇော်သည် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်သိန်း
## အသက်(၅၆)နှစ်
### သိန်းသန်းဝတီဆန်စက်
### (ဘိုကလေး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၇)၊ ဈေးလမ်း၊ မြေနီကုန်းနေ [ဦးမောင်ခင်(ခ)ဦးတန်တိတ်အင်]-ဒေါ်ရွှေစင် တို့၏ ဒုတိယသား၊ ဒေါ်လှမြင့်၊ ဦးပို့မင်၊ဒေါ်စန်းစန်းရီတို့၏ညီ/မောင်၊ ဦးအောင်သန်း၊ ဒေါ်ခင်စန်း တို့၏ အစ်ကို၊ ဒေါ်သီတာခင်၏ ချစ်လှစွာသောခင်ပွန်း၊ မအိခိုင်စင်(ဆေးတက္ကသိုလ်-၂)၊ မောင်ရဲမြတ်ကောင်း တို့၏ ဖခင်၊ ဦးအောင်သိန်းသည် ၄-၃-၂၀၁၃ (တနင်္လာနေ့) နံနက်စနာရီတွင်မကွေးမြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်လှဝင်း(ခ)ခင်လှဝင်း
## အသက်(၅၄)နှစ်
### ဝင်းသော်တာ
### မိတ္တူ၊ ကုန်မျိုးစုံနှင့် ဖက်ရှင်စတိုး

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း အမှတ်(၁၃)နေ ဦးလှဖေ-(ဒေါ်ပန်းရီ) တို့၏သမီး၊ (ဦးထွန်းအေး-ဒေါ်ခင်ပု) တို့၏ သမီးချွေးမ၊ ဦးလှဖြိုး၏ချစ်လှစွာသောဇနီး၊ မောင်မျိုးမင်းဇော်ဖြိုး(2nd Mate, J.S.M Shipping)-မဖြူဖြူအေး၊ မခင်ညွန့်ညွန့်ငွေး(ခ)ပူစူး၊ မတင်ဖြိုးဖြိုးအောင်(ခ) ဖြိုးဖြိုး တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်စစ်သူရိန်လင်း၊ မရူပါလင်းလက်တို့၏အဘွားသည် ၂-၃-၂၀၁၃(စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၃(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးစိန်ပွင့် (၇၇)နှစ်
### (ကျောက်မြောင်းကြီးရပ်ကွက်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၂၄)နေ ဦးသန်းစိန်(ပီကင်း)-ဒေါ်အငြိ၊ ဦးတင့်ဆွေ-ဒေါ်ယဉ်အေး တို့၏ ချစ်လှစွာသောညီ၊ (ဦးကိုအေး-ဒေါ်ကြူကြူ)၊ (ဟောင်ကောင်) ဦးလင်းချိန်းဘို့-ဒေါ်ရင်ဖုံ့တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဖန်းစွတ်ရီ-ရှောင်ရှင်း (ပီကင်း)၊ ရှောင်စုန်း-ဝမ်ယွဲ့(ပီကင်း)၊ ဦးယဉ် ထွန်း-ဒေါ်နီလာသန်း(ဦးယဉ်ဝ)၊ ဦးကြည်လှိုင်-ဒေါ်စန္ဒာအေး၊ ဦးယဉ်အောင်-ဒေါ်မေပုလဲဖြူ၊ ဦးသန်းထွန်း-ဒေါ်အေးအေးမွန်၊ ဦးမျိုးအောင်(Same sky Co., Ltd.)-ဒေါ်ရှန်းရှန်းရွှေ၊ ဦးခိုင်မင်းစိုး- ဒေါ်သန်းသန်းဝင်း၊ ဝေ့ဝေ့(ဟောင်ကောင်)၊နန်ကင်း(ဟောင်ကောင်) တို့၏ ချစ်လှစွာသော ဦးလေးဘကြီး ဦးစိန်ပွင့်သည် ၃-၃-၂၀၁၃ရက် နံနက် ၇း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ကို(၇၅)နှစ်
### မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)

ပြည်မြို့၊ အောင်ဆန်းပြည်သာယာအပိုင်း(၁)၊ပင်မလမ်း၊ အမှတ်(၁၂/၁၅၁)နေ ဦးကျင်တိတ်-ဒေါ်အေးကြည်တို့၏ သား၊ ဦးဟုတ်ရှိန်-ဒေါ်ပျော့တို့၏သားသမက်၊ ဒေါ်ရင်ကြွေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသင်းအောင်(ကထိက၊ သင်္ချာဌာန)-ဒေါ်ကေသီထွန်း၊ ဦးဝင်းအောင် (မေတ္တာရေကြည်ဆေးရောင်းဝယ်ရေး)-ဒေါ်ဟေမာ၊ ဦးလှိုင်မျိုးအောင်(မြို့နယ်တရားသူကြီး၊တနင်္သာရီတိုင်းဒေသကြီး)-ဒေါ်ကျော့ကေခိုင်၊ ဦးသန်းတိုးအောင်-ဒေါ်မာမာဝင်း(Director Nice Land Co., Ltd.)၊ ဦးအောင်မိုး (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)၊ဦးဇော်လင်းအောင် (သပြေဦး ဆေးရောင်းဝယ်ရေး)-ဒေါ်သီရိတင့်တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုး ဦးအောင်ကိုသည် ၄-၃-၂၀၁၃ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စောနွဲ့မူ
## အသက်(၆၁)နှစ်
### (လ/ထညွှန်မှူး၊ နတလ-ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ်(၁၂၅၆)နေ (ဦးထွန်းရှိန်-ဒေါ်ခင်မြင့်)တို့၏ သမီး၊ (ဦးဖိုးသန်း-ဒေါ်လှပု)တို့၏ သမီးချွေးမ၊ ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်ကြူတို့၏ညီမ၊ (ဦးအောင်သူ)-ဒေါ်ခင်ဖြူရှိန်၊ ဦးဇော်မင်း-ဒေါ်အေးအေးမြင့်၊ ဦးနိုင်ဦး-ဒေါ်ဥမ္မာထွေး၊ ဦးစိုးမိုးနိုင်-ဒေါ်အေးအေးငယ်တို့၏ အစ်မ၊ ဦးသန်းထွန်း၏ ဇနီး၊ မောင်မြထွေး(ခ)မောင်မောင်ရွှေဇင်ယော် (Shipping Pte, Co., Ltd.)၊ မောင်ကျော်ရွှေလှ(ခ)ကိုဂျူးတို့၏ မွေးသမိခင်၊ တူ/တူမ ရှစ်ယောက်၊ မြေးတစ်ယောက်တို့၏ အဘွားသည် ၃-၃-၂၀၁၃ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးစိန်ပွင့် (၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၂၄)နေ (ဦးဖိုးစိန်-ဒေါ်ကျင်လှ)တို့၏ သားကြီး၊ (ဦးသန်းအောင်-ဒေါ်ကျင်မွှေး)တို့၏ သားသမက်၊ ဦးမြဟန်-ဒေါ်ကျင်ထွေး၊ ဦးညွန့်ဟန်-ဒေါ်ကျင်လှိုင်တို့၏ချစ်လှစွာသောအစ်ကိုကြီး၊ ဦး အောင်နိုင်ဦး-ဒေါ်စန်းစန်းနိုင်၊ ဦးသန်းထွဋ်-ဒေါ်အေးအေးသွယ်၊ ဦးဇော်မိုးအောင်-ဒေါ်အေးခိုင်ဦးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်မိုးဟိန်းခန့်၊ မပြည့်ဦးခိုင်၊ မမေသက်မှူး၊ မကြည်ဖြူခင်၊ မေသန့်ရှင်းတို့၏ ချစ်လှစွာသောအဘိုး၊ ဦးဟန်လှစိန်-ဒေါ်ခင်စန္ဒာဝင်းတို့၏ ဘကြီး၊ ဒေါ်ကြင်တင်၏ချစ်လှစွာသော ခင်ပွန်း ဦးစိန်ပွင့်သည် ၃-၃-၂၀၁၃ရက် နံနက် ၇း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဲအုပ်တင်ဝင်း(ငြိမ်း)
### လ-၅၈၃၈၈၊ သူရ(၁၂)
## အသက်(၆၂)နှစ်
### (ရွှေတောင်)

ရွှေတောင်မြို့၊ တည်ကုန်းရပ်နေ (ဦးအေးချို-ဒေါ်သိန်းဟန်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးကျော်ဒင်-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ဦးမြင့်ဆွေ-(ဒေါ်မြင့်မြင့်ကြည်)၊ (ဦးခင်မောင်ငွေး)-ဒေါ်လှလှမူ၊ ဦးခင်မောင်သန်း-ဒေါ်အေးအေးမူ၊ ဦးမြသိန်းထွန်း-ဒေါ်သင်းသင်းဦးတို့၏မောင်/အစ်ကို၊ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလ ရပ်ကွက်၊ တိုက်(၅၈)၊ အခန်း(၁၄)နေ ဒေါ်မြသန်း(လဝက-ငြိမ်း)၏ ခင်ပွန်း၊ မဝေမာနှင်းဗိုလ်ကြီးထွန်းနိုင်ဝင်း-ဒေါ်ဇင်မာဝင်းတို့၏ဖခင်၊ မောင်အောင်လက်ျာမင်း၏ အဘိုးသည် ၄-၃-၂၀၁၃ (တနင်္လာနေ့) နံနက် ၅း၄၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုမောင်မောင်စိုး(ခ)စိုးစိုး
### DEKHINA MANUFACTURING LIMITED
## အသက်(၃၈)နှစ်
### (စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးကျော်မြင့်စိုး-ဒေါ်ခင်သန်းမြင့်တို့၏ သား၊ စမ်းချောင်းမြို့နယ်နေ ဦးတင့်လွင် -ဒေါ်ချိုချိုအောင် တို့၏ သားသမက်၊ မမြသူဇာလွင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဇင်မြင့်၏အစ်ကို၊ မောင်ပိုင်သူ(Grade-11, အထက-၁၊ ဒဂုံ)၊ မချောချော(Grade-6,အလက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောဖခင် ကိုမောင်မောင်စိုး(ခ)စိုးစိုးသည် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့)၊ ည ၇း၁၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြရွှေ (၇၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၇)လမ်း၊ အမှတ်(၃၈/A)နေ (ဦးဘစိန်-ဒေါ်ကုလားမ)တို့၏ တတိယသမီး၊ ဦးလှရွှေ၏ ချစ်လှစွာသောဇနီး၊ (ဦးညို-ဒေါ်ခင်ကြည်)၊ (ဦးပျော့)-ဒေါ်မြမေတို့၏ညီမ၊ ဦးထွန်းဝေ-ဒေါ်စိန်တင့်၊ (ဦးသန်းစိန်)-ဒေါ်တင်ရီတို့၏အစ်မ၊ ရန်ကင်းရဲစခန်းဝင်းနေ ဒုရဲမှူးမောင်မောင်ဝင်း(ကချင်ပြည်နယ်ရဲတပ်ဖွဲ့)-ဒေါ်တင်တင်မာ၊ (ဦးကိုဦးကြည်-ဒေါ်ခင်ခင်မြင့်)၊ ဦးဝင်းနိုင် (Raffles Technical Services Ltd.)-ဒေါ်အေးအေးသစ်၊ ဒေါ်သန်းသန်းမြင့်၊ ဗိုလ်ကြီးမင်းသက်ထွန်း(ငြိမ်း)-ဒေါ်စန်းစန်းဝင်း၊ ကိုခင်မောင်ထွေး (MIRACO MARINE)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ပြည့်ဖြိုးထက်၏အဘွားသည် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်တိုးမြင့်ဇော်(ခ)တိုးကြီး
## အသက်(၂၄)နှစ်
### B.Sc (Chem;)
### မန္တလေးတိုင်းဒေသကြီး၊ ဘောလုံးလက်ရွေးစင်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)၊ ရွှေဘုန်းရှင်ရပ်ကွက်နေ ဒေါ်ချွေး၊ (ဦးသန်းအောင်-ဒေါ်ကြင်ဆိုင်)၊ မဟာမြိုင်(၁)၊ ဥယျာဉ်တန်းရပ်၊ (၃၆)လမ်း၊ (၆၄×၆၅)လမ်းကြားနေ ဦးဒွေး-ဒေါ်ဝင်းတို့၏မြေး၊ ကိုမိုးမြင့်ဇော် (ယူနိုက်တက် အမရဘဏ်၊ ဒိုင်းမွန်းပလာဇာ)၏ညီ၊ မအေးနန္ဒာမြင့်၏အစ်ကို၊ ဦးမောင်မြင့်-ဒေါ်သန်းသန်းဝေတို့၏ ချစ်လှစွာသောသားငယ် မောင်တိုးမြင့်ဇော်(ခ)တိုးကြီး (မန္တလေးတိုင်းဒေသကြီး၊ ဘောလုံးလက်ရွေးစင်)သည် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်လှ(မြောင်းမြ)
## အသက်(၈၀)

မြောင်းမြမြို့နေ (ဦးမောင်ပု-ဒေါ်မြရင်)တို့၏ သားကြီး၊ [ဒေါ်ဝိုင်းစိန်(စိန်ပန်းခိုင်)]၏တူ၊ ဦးကျော်ဝင်း(CMA-ငြိမ်း)-ဒေါ်မမအေး၊ ဦးဘို-ဒေါ်စိန်လှ(စက်မှု-၁၊ ငြိမ်း)၊ ဒေါ်ခင်ရီ(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၊ ဦးဘမြင့်(စစ်တောင်းစက္ကူစက်၊ငြိမ်း)-ဒေါ်စိန်တင်တို့၏အစ်ကိုကြီး၊ Dr. ဥက္ကာ-Dr.သင်းသင်းအောင်(ခေတ္တ-UK)၊ ဦးအာကာ(ဆောက်လုပ်ရေး)-ဒေါ်ထားထားဝင်း၊ ဦးကျော်စွာ၊ ဒေါ်ချိုချိုဝင်း၊ ဦးသူရ၊ ဦးဟန်မင်းဦး (ဆည်မြောင်း)-ဒေါ်ဖြူဖြူဝင်း၊ ဦးတင်မောင်အေး(သစ်တော)တို့၏ဘကြီး ဦးတင်လှသည် ၂-၃-၂၀၁၃ ရက်တွင် တိုက်(၃)၊ အခန်း(၁၅)၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အမာစိန် (၆၈)နှစ်
### အထက်တန်းပြဆရာမ(ငြိမ်း)
### အထက(၄) မရမ်းကုန်း၊
### အထက(၆) ဗိုလ်တထောင်

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက်(၂)၊ အခန်း(၂၂)နေ (ဦးကံရင်-ဒေါ်ခင်စော)တို့၏ သမီး၊ ဦးတင်အောင်(ဆမ-ငြိမ်း)၊ [ဦးထိန်ဝင်း-(ကုန်သွယ်လယ်ယာ-ငြိမ်း)]တို့၏ညီမ၊ (ဦးစိုးလွင်)၊ ဦးအေးချို (ကျန်းမာရေးဦးစီးဌာန)၏အစ်မ၊ ဦးစောမြင့်ဦး(မန္တလေး)၏ မိခင် ဒေါ်အမာစိန်သည် ၂-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးတင်မောင်(ခ) MMS
## အလ်ဟာဂျ်အဟ်မဒ်စလင်းမ်
## အသက်(၅၈)နှစ်
### (ဦးတင်မောင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊စော်ဘွားကြီးကုန်း)

အဆောင်(၁၂)၊ အခန်း(၁)၊ စော်ဘွားကြီးကုန်းနေ ဟာဂျီဦးစိန်ခို၏သား ဦးတင်မောင်(ခ) အဟ်မဒ်စလင်းမ်သည် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၅း၅၀ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမားဇ်အပြီးတွင် ရေဝေးကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖ္ဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဆွေ(ခ)မာဂျရီ
## အသက်(၇၅)နှစ်
### လ/ထ ညွှန်မှူး(ငြိမ်း)
### အကြီးစားစက်မှုလုပ်ငန်း၊စက်မှု(၂)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ် (၁၂၂/၂-B)၊ ညောင်တပင်လမ်းနေ (ဦးကလော့အန့်-ဒေါ်သန်းသန်း)တို့၏ သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ ဦးတင်ဝင်း-(ဒေါ်ကြည်ကြည်)၊ (ဦးအောင်မြင့်)-ဒေါ်သန်းသန်းတို့၏အစ်မ၊ ဒေါ်မိုးမိုးသန့်၊ ဦးသန်းမြင့်လှိုင်-ဒေါ်စန္ဒာမြင့်၊ ဦးဝင်းထက်-ဒေါ်ဝင်းဝင်းနွယ်တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်မြင့်မြင့်ဆွေသည် ၂၈-၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၃ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးနေဝင်း (၅၄)နှစ်
### အသင်းဝင်အမှတ်(၉၈၅)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ ငုရွှေဝါ (၂)လမ်းနေ ဒေါ်ကြူကြူတင်၏ခင်ပွန်းသည် ၂-၃-၂၀၁၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ကိုရဲသူရိန်ဝင်း(ခ)ရဲလေး
## အသက်(၃၁)နှစ်

သိမ်ချောင်းရွာနေ(ဦးမောင်မောင်-ဒေါ်ကျင်စိန်)၊ ကျိုက်လတ်မြို့နေ [ဦးထွန်းကြည်(ခ)ဦးခင်အောင်-ဒေါ်ခင်ကြည်]တို့၏ မြေး၊ (ဦးတင်လှိုင်)-ဒေါ်လှလှမြင့်တို့၏ သားထွေး၊ ဦးအုန်းပိုင်-ဒေါ်နီတို့၏ တူ၊ (ကိုဇော်သက်ဦး)၊ ကိုဇော်သက်မိုး၊ မ ယဉ်ယဉ်မိုး၊ ကိုတင့်လွင်ဦး-မအေးအေးသင်း၊ ကိုအောင်သက်ဦး-မမြမြဆွေတို့၏ ညီ၊ မောင်သည် ၃-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) တွင်အမှတ်(၁)၊ဗိုလ်မင်းရောင်လမ်း၊(၃၅) ရပ်ကွက် မြောက်ဒဂုံနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး Sergey K. SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။



ထိုသို့ တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Sergey K. SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား ရိုးရာလက်ဝှေ့(မွေ့)ပြိုင်ပွဲ ဆက်လက်ကျင်းပ

**သတင်းနှင့် ဓာတ်ပုံ - ကိုကိုစိုးညွန့်**

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ရိုးရာလက်ဝှေ့(မွေ့) ပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း(၁)၌ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသားပွဲစဉ် ၁၀ ပွဲနှင့် အမျိုးသမီးပွဲစဉ် သုံးပွဲယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား ၅၄ ကီလိုတန်းတွင် လှသိန်းထွန်း(ကယား)က သန်းဇော်(ပဲခူး)ကို လည်းကောင်း၊ မိုက်ရိုင်း(ရန်ကုန်)က ညဏ်လင်းအောင်(ကရင်)ကို လည်းကောင်း၊ ၅၇ ကီလိုတန်းတွင် မိုးလင်းအောင်(တနင်္သာရီ)က ရဲဝင့်အောင်(ခ)စောအုန်းမြင့်(ရန်ကုန်)ကို လည်းကောင်း၊ စောဝီလျံ(ကရင်)က မင်းသူ(မကွေး)ကို လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ကျော်မင်း(ချင်း)က ဖိုးလပြည့်(ရန်ကုန်)ကို လည်းကောင်း၊ ကျော်ထူးအောင်(ကယား)က တင်အောင်စိုး(ရခိုင်)ကို လည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ဝေဖြိုးပိုင်(ချင်း)က မင်းဇော်(ကရင်)ကို လည်းကောင်း၊ စိုးလင်းဦး(ရန်ကုန်)က နိုင်ဝင်း(ရခိုင်)ကို လည်းကောင်း၊ ၄၅ ကီလိုတန်းတွင် ဟိန်းကျော်ကျော်(ကယား)က မိုးသီး(ရန်ကုန်)ကို လည်းကောင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့❖**

## ကြော်ငြာစာမျက်နှာ အပိုပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာအပို (က၊ ခ၊ ဂ၊ ဃ) လေးမျက်နှာ ပါရှိပါသည်။**

ပြည်သူ့လွှတ်တော် အစည်းအဝေး

# ဝန်ထမ်းလစာတိုးမြှင့်ရန်အစား ထောက်ပံ့ကြေးငွေ တိုးမြှင့်ခံစားခွင့်ပေးရန် ဦးစွာဆောင်ရွက်လျက်ရှိ နိုင်ငံတော်မှ ရေတိုရေရှည်ကျခံနိုင်မှုအခြေအနေကို ထည့်သွင်းတွက်ချက် စဉ်းစားဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မတ်  ၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁)ရက် မြောက်နေ့ကို ယနေ့တွင်ကျင်းပရာ နိုင်ငံ့ဝန်ထမ်းများ၏လစာနှင့် အငြိမ်းစား ဝန်ထမ်းများ၏ပင်စင်လစာ တိုးမြှင့်ပေးနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ရငွေပိုမိုတိုးတက်ရရှိရေး၊ သုံးငွေစိစစ်လျှော့ချရေးတို့ကို စနစ်တကျ ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး အစိုးရ၏ ရငွေများတိုးတက်၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တောင့်တင်းလာသည်နှင့်အမျှ ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ နိုင်ငံ့ဝန်ထမ်း၏ဘဝသည်လည်း မြင့်မားလာမှာ ဖြစ်ပါကြောင်းဖြင့် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ ပြည်သူ့ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် စံစားခွင့်အရပ်ရပ်ကို အချိန်ကာလအလိုက် ပြန်လည်စိစစ်၍ လိုအပ်သလို ပြင်ဆင်တိုးမြှင့် စံစားခွင့်ပြုနိုင်ရေးနှင့်စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ကဖြေကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေအရ ဝန်ထမ်းလစာ တိုးမြှင့်ရန်အစား ထောက်ပံ့ကြေးငွေ တိုးမြှင့်ခံစားခွင့်ပြုရန်ကို ဦးစွာစဉ်းစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးမြှင့်ပေးသည့် ဝန်ထမ်းလစာနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာမည့် အငြိမ်းစားပင်စင်လစာအတွက် တိုးမြှင့်ထောက်ပံ့ရမည့် ပမာဏအတွက် နိုင်ငံတော်မှ ရေတိုရေရှည်ကျခံနိုင်မှုအခြေအနေကို ထည့်သွင်းတွက်ချက် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ ပင်စင်လစာကျခံသုံးစွဲမှုဝန်ထုပ်ဝန်ပိုးကို စနစ်တကျစီမံခန့်ခွဲနိုင်မည့် ပင်စင်ရန်ပုံငွေတစ်ရပ် ထူထောင်ဆောင်ရွက်ရန်နှင့် အခြားနိုင်ငံများ၏ ပင်စင်စနစ်ကို လေ့လာသုံးသပ်ပြီး မိမိနှင့်ကိုက်ညီမည့် ပင်စင်စနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ရန်အတွက်လည်း စီမံဆောင်ရွက်သွားမှာဖြစ်ပါကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ **ဒေါက်တာသန်းဝင်း**က မြန်မာနိုင်ငံ အစားအသောက်နှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့❒**

အမျိုးသားလွှတ်တော် အစည်းအဝေး

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ ပြည်ထောင်စုအဆင့်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွင့်လှစ်ပေးရန် ဆွေးနွေး

**နေပြည်တော်  မတ်  ၄**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁)ရက် မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၆)ခုဖြင့်ကျင်းပသည်။

အစည်းအဝေး၌ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဒင်(ခ) ဦးထေးရယ် တင်သွင်းထားသည့် **နိုင်ငံတော်တွင် ပြည်ထောင်စုအဆင့်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွင့်လှစ်ပေးရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၆)ဦးတို့က ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏ်စိုးက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအစည်းအဝေးတွင် ပြည်ထောင်စုအဆင့်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွဲ့စည်းပေးရန် တောင်းဆိုခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတက နယ်စပ်ရေးရာဝန်ကြီးဌာနရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တိုင်းရင်းသားရေးရာဝန်ကြီးများရှိ၍ မလိုအပ်ကြောင်းကို ဆွေးနွေးခဲ့ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှာ ယခင်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ပြောင်းလဲပြင်ဆင်ဖွဲ့စည်းထားသော ဝန်ကြီးဌာနဖြစ်ပြီး လုပ်ငန်းသဘောသဘာဝ အနေဖြင့်လည်းမတူညီပါကြောင်း၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသာမက ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ တိုင်းရင်းသားအချင်းချင်းသွေးစည်းညီညွတ်ရေး၊ ချစ်ကြည်ရေးတို့အတွက် တိုင်းရင်းသားများကိုယ်တိုင် စီမံဆောင်ရွက်ခွင့်ရှိရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် ပြည်ထောင်စုအစိုးရတို့အကြား အချိတ်အဆက်ပြတ်သည့်အတွက် သမ္မတရုံးဝန်ကြီးတစ်ဦးကို တာဝန်ယူစေခဲ့ပါကြောင်း။

မြန်မာနိုင်ငံသမိုင်းတွင် လွတ်လပ်ရေးရပြီးကတည်းက ယနေ့အထိ တိုင်းရင်းသားအရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ တိုင်းရင်းသားများ သွေးစည်းချစ်ကြည်မှ ဒီမိုကရေစီခရီးလမ်း ဖြောင့်ဖြူးမည်ဖြစ်ပါကြောင်း၊ အပြောနှင့်မရ၊ ဆောင်ပုဒ်နှင့်မရဘဲ တကယ့်နှလုံးသားချင်းနီးစပ်ရန်၊ တိုင်းရင်းသားများ တွေးသကဲ့သို့တွေးရန်၊ တိုင်းရင်းသားများနေရာမှ နေကြည့်မှသာ ပြည်ထောင်စုကြီး သာယာလိမ့်မည်ဖြစ်ပါကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့●**




# စစ်ကိုင်းမြို့မှ ရာဇမဏိစူဠာဘုရား အများအခေါ် ကောင်းမှုတော်စေတီကြီး

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ➤ ခရမ်းစိုးမြင့်**

ကျွန်တော်တို့ သတင်းအဖွဲ့သည် စစ်ကိုင်းမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကျေးလက်ပြည်သူများ၏ လူမှုဘဝကဏ္ဍများကို သွားရောက်လေ့လာရေးခရီးစဉ်တွင် မဖူးဖြစ်တာ ကြာပြီဖြစ်သည့် ကောင်းမှုတော်ဘုရားကြီးကိုဝင်ရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ကောင်းမှုတော် စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုစဉ်ခဏ၌ စေတီတော်ကြီးတည်ထားပုံ ထူးခြားမှုနှင့် လုံးတော်ကြီးကို ကြည့်ရှုရင်း ရင်သပ်ရှုမော အံ့ဩချီးကျူးမိလျက်ရှိသည်။ ထို့အပြင် စေတီတော်ကြီးသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် ကျက်သရေဆောင် ရှေးဟောင်းဘာသာရေး ယဉ်ကျေးမှုဌာနကြီးတစ်ခုလည်းဖြစ်သည်ဟု ဆိုချင်သည်။

ထို့ကြောင့် ကျွန်တော်တို့သတင်းအဖွဲ့သည် ဘုရားဖူးအပြီး ကောင်းမှုတော်ဘုရားကြီး၏ ဂေါပကရုံးသို့သွား၍ ဘုရားကြီးလုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူခဲ့ပုံများကို ဘုရားကြီး ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လေ့လာ စေ့ငုကြည့်ခဲ့သည်။

၁၉-၁၂-၂၀၁၀ ရက်နေ့ ထိုစဉ်က နိုင်ငံတော်အကြီးအကဲ စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီးသို့ ဘုရားဖူးရောက်ရှိစဉ် လုံးတော်ပြည့်ရွှေဆေးသင်္ကန်းကပ်လှူပူဇော်ရန် အကြံပြုချက်အရ ၂၂-၁၂-၂၀၁၀ ရက်နေ့တွင် ရာဇမဏိစူဠာ ကောင်းမှုတော် ဘုရားကြီးအား ရွှေဆေးသင်္ကန်း ကပ်လှူပူဇော်ခြင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ကောင်းမှုတော် ဘုရားကြီး လုံးတော်ပြည့် ရွှေဆေးသင်္ကန်းကပ်လှူခြင်းနှင့်အတူ ထီးတော်ကြီး ရွှေဆေးသင်္ကန်း ကပ်လှူခြင်း၊ ရင်ပြင်တော်ပတ်လမ်း စကျင်ကျောက်ပြားများ ခင်းခြင်းနှင့် အရောင်တင်ခြင်း၊ ပစ္စယံရင်ပြင်တော် နှစ်လက်မထု ကွန်ကရစ်ကြမ်းခင်းခြင်း၊ ရင်ပြင်တော်ခရေပင် ၁၂ ပင်စိုက်ပျိုးခြင်း၊ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခြင်း၊ ထီးတော်ကြီးအား လျှပ်စစ်ဆလိုက်မီး တပ်ဆင်ပူဇော်ခြင်း၊ ပန်းဥယျာဉ်တည်ဆောက်ခြင်း၊ စိမ်းစိုစိုက်ခင်း၊ ဝင်းခြံကာခြင်း စသည့် လုပ်ငန်းတို့အား ၇-၅-၂၀၁၀ ရက်နေ့တွင် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့သည်ဆို၏။

အဆိုပါ လုပ်ငန်းများအတွက် စုစုပေါင်း ကုန်ကျငွေမှာ ကျပ် ၃၄၁၆၁၅၃၆၀ ဖြစ်ပြီး ရွှေဆေးဖိုး ၁၈၁၆ သိန်းကျော်၊ ဆေးသုတ်ခ ၆၂၂ သိန်း စုစုပေါင်း ၂၄၅၈ သိန်းဖြစ်ပြီး ကျန် ကုန်ကျငွေများမှာ အခြားဘက်စုံ ပြုပြင်တည်ဆောက်မှု သုံးငွေများဖြစ်သည်။ ရွှေသင်္ကန်းကပ်လှူရန် အလှူငွေရရှိမှုမှာ ၇၄၅၈၇၂၆၅၇ ကျပ်ဖြစ်သည်ဆို၏။ လက်ကျန် ငွေ ကျပ် ၃၅၄၀၅၇၂၉၇အား ကောင်းမှုတော်ဘုရားကြီး ရွှေဆေးသင်္ကန်း ကပ်လှူရေးဘဏ္ဍာငွေခေါင်းစဉ်ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးပါ ဂေါပက နှစ်ဦးပေါင်းသုံးဦးဖြင့် ငွေစုစာအုပ်အား မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားရှိခဲ့သည်ဟု သိရသည်။

ကောင်းမှုတော် ဘုရားကြီး လုံးတော်ပြည့်ရွှေဆေးသင်္ကန်းကပ်လှူထားသည်မှာ ငါးနှစ်ခံ၍ ယခု နှစ်နှစ်သာရှိသေးသဖြင့် ရွှေဆေးသင်္ကန်း ထပ်ကပ်ရန် မလိုသေးကြောင်း၊ ငါးနှစ်ပြည့်လျှင် ဘုရားကြီး ဩဝါဒါစရိယဆရာတော်များ၊ ရပ်မိရပ်ဖများနှင့် တိုင်ပင်၍ လုံးတော်ပြည့်ရွှေဆေးသင်္ကန်းကို ထပ်မံကပ်လှူသွားမည်ဖြစ်ကြောင်း၊ ရွှေသင်္ကန်းထပ်မံကပ်လှူချိန်ကျလျှင် ဘဏ်၌အပ်ထားသော ဘုရားကြီးဘဏ္ဍာငွေမှ ရရှိသည့် အတိုးအညွန့်များနှင့်ပင် ရွှေသင်္ကန်းများ ကပ်လှူနိုင်ပါကြောင်းကို ဂေါပကအဖွဲ့မှ ပြောပြသည်။

စာရေးသူအနေဖြင့်လည်း ကောင်းမှုတော်ဘုရားကြီး၏ ရွှေသင်္ကန်းကပ်လှူမှုအပေါ် လွန်စွာသဒ္ဓါပီတိဖြစ်မိပါသဖြင့် ဆက်၍ဆက်၍ ရွှေသင်္ကန်းများကပ်လှူနိုင်ရေးအတွက် အလှူရှင်ထပ်မံပေါ်ပေါက်အောင် ဤသတင်းဆောင်းပါးဖြင့် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။ (စာရေးသူ)

ထို့အပြင် ကောင်းမှုတော်ဘုရားကြီး ဝတ္တကမြေအတွင်း၌ မူလရှိပြီး ဘုရားဖူးတည်းခိုဆောင် အခန်း ၁၅ ခန်း အပြင် ငွေကျပ်သိန်း ၁၅၀ ခန့် အကုန်အကျခံ၍ တည်းခိုခန်း ၁၆ ခန်း ထပ်မံတည်ဆောက်နေကြောင်းနှင့် သီးခြားအလှူရှင်များဖြစ်ကြသည့် စစ်ကိုင်းမြို့ တင်းတိမ်အုပ်စု မန်ကျီးစဉ်ရပ်မှ ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်မျိုးချစ်နှင့် ဒေါ်ခင်မျိုးမြင့်တို့က တန်ဖိုးကျပ် ၅၅ သိန်း အကုန်အကျခံ၍ အလျား ၆ ပေ၊ အမြင့် ၅ ပေနှင့် ကြေးပိဿာချိန် ၂၀၀ ရှိမည့် ကြေးစည်တစ်လုံးကို ဘုရားရင်ပြင်တော် အရှေ့တောင်ဘက်တွင် သွန်းလောင်းထားရှိသွားမည်ဖြစ်ပြီး ကောင်းမှုတော် ဘုရားကြီး ဂေါပကအဖွဲ့ကလည်း ဘုရားရင်ပြင်တော် အနောက်တောင်ထောင့်တွင် အချင်း ၄ ပေ ၆ လက်မရှိမည့် ကြေးမောင်းတစ်ခုကို အများပြည်သူ လှူဒါန်းငွေများဖြင့် ဆောက်လုပ်ထားရှိသွားမည်ဟု ပြောသည်။



ကောင်းမှုတော်ဘုရားကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်းများဖြင့် ကြည်ညိုဖွယ် ဖူးတွေ့ရစဉ်။

## ရာဇမဏိစူဠာ ကောင်းမှုတော် ဘုရားကြီး သမိုင်းအကျဉ်းချုပ်

အင်းဝညောင်ရမ်းခေတ် ဒုတိယပိုင်းအတွင်း မြန်မာသက္ကရာဇ်(၉၉၈) ခုနှစ် တော်သလင်းလဆန်း ၁၀ ရက် တနင်္လာနေ့ (ခရစ်နှစ် ၁၆၃၆ ခုနှစ်)တွင် သာလွန်မင်းတရားကြီး သီရိသုဓမ္မရာဇာပဝရအဓိပတိသည် စွယ်တော်၊ ဆံတော်၊ ဗုဒ္ဓဂေါတမ၏ သပိတ်တော်နှင့် ရုပ်ပွားတော်များ၊ စေတီများ အပါအဝင် အခြားဓာတ်တော်မွေတော်များကို ဌာပနာထား၍ စပါးစုပုံစံ၊ သီဟိုဠ် မနုရုဒ္ဓါပူရမှ ထူပါရုံ မဟာစေတီတော်ပုံစံကိုယူ၍ ၁၂ နှစ်ကြာ တည်ဆောက်ခဲ့ရသော စေတီတော်ကြီးဖြစ်ပြီး ဘွဲ့အမည်မှာ ရာဇမဏိစူဠာ အများအခေါ်မှာ ကောင်းမှုတော်စေတီဖြစ်သည်။

ကောင်းမှုတော် ဘုရားကြီး ထီးတော်ဒါယကာမှာ ငါးထပ်ကြီးဒါယကာဟု ခေါ်တွင်သော သာလွန်မင်းတရားကြီး၏ သားတော် ပင်းတလဲမင်း သီရိနန္ဒရာဇာပဝ အဓိပတိဖြစ်ပြီး ရွှေထီးတော်တင်သောနေ့မှာ မြန်မာသက္ကရာဇ် (၁၀၁၁) ခုနှစ် ကဆုန်လဆန်း ၈ ရက် တနင်္ဂနွေနေ့ (ခရစ်နှစ် ၁၆၄၉ ခုနှစ်)ဖြစ်သည်ဟု သိခဲ့ရသည်။



# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အိမ်အမှတ်(၁)နေ ဦးအောင်ဆန်း-ဒေါ်ရွှေရစိန် "စောင်းကောက်"ကုမ္ပဏီနှင့်
"ကံပွင့်" လက်ဖက်အကြော်စုံလုပ်ငန်းတို့၏ တစ်ဦးတည်းသောသား

## ဒေါက်တာ ကြည်သာဟိန်း

**M.B.,B.S(MDY)**

မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဘဘလမ်း၊ အိမ်အမှတ်(၂၆၄/က)နေ ဦးငွေစိုး-ဒေါ်နှင်းနှင်းဝေ "စကားဝါ"ကုမ္ပဏီတို့၏တစ်ဦးတည်းသောသမီး

## မဇင်မို့မို့မင်း

**B.Sc(Physics)**

တို့၏ ၁၂-၂-၂၀၁၃ ရက်တွင် စကားဝါနေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ခရိုင်တရားသူကြီး ဦးသက်ထွန်း၊ ၁၅-၂-၂၀၁၃ ရက်တွင် မဏိကစ္စနာခန်းမ၌ ကျင်းပပြုလုပ်ပြီးခဲ့သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ခင်သန်းမြင့်၊ မန္တလေးတိုင်းဒေသကြီး စက်မှုနှင့်လျှပ်စစ်ဝန်ကြီး ဒေါက်တာမြင့်ကြူနှင့်ဇနီး ဒေါ်နီလာ၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့်ဇနီး ဒေါ်သန်းသန်းမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဦးဇော်ဝင်း-ဒေါ်ခင်ခင်လေး(မန္တလေး ရွှေနဂါးခန်းမ ပိုင်ရှင်)၊ လက်ထပ်မင်္ဂလာချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ် ကျော်ကျော်(ငြိမ်း)နှင့်ဇနီး ဒေါ်သီတာညွန့်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးအောင်မြင့်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုချီးမြှင့်ပေးပါသော ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ရန်အောင်၊ မင်္ဂလာပန်းကြဲပေးပါသော မပိုးသီရိနိုင်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော Dr.နွေးအိအောင်၊ မအေးဒါလီတိုး၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မဆုရည်မွန်၊ Dr.သော်သော်ထွေး၊ မင်္ဂလာသတို့သားအရံ မောင်ချစ်ကြည်ကောင်း၊ မောင်တိုးဝေဝင်း၊ မင်္ဂလာသတို့သမီးအရံ မမေနှင်းဇော်၊ မမေစံပယ်ဟန်၊ မင်္ဂလာသတို့သမီးအား မိတ်ကပ်အလှဆင်ပေးပါသော မေဦးနှင့်အဖွဲ့၊ မင်္ဂလာသတို့သားဘက်အား မိတ်ကပ်အလှဆင်ပေးပါသော လင်းလင်း(Make-up Artist)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ စီစဉ်ပေးပါသော (Fashion Euphorial)၊ Dinner ဝတ်စုံစီစဉ်ပေးပါသော ဒီဇိုင်နာ မဇူဇူ(Zu Zu Collection)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော ပီတာနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသော OHနှင့် ဦးလူပေါ၊ ကိုကျားကြီးနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှဆင်ပေးပါသော မယ်ကင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ စီစဉ်ပေးပါသော DAGON ပုံနှိပ်တိုက်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Metal Zone Band နှင့် တေးသံရှင် ဇော်ပိုင်၊ အောင်လ၊ Snare၊ လွှမ်းပိုင်၊ ထက်နေခြည်၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ Bobby Soxer၊ ခင်စုစုနိုင်၊ ဗန်းသော့ဒ်ကျင်း၊ ဖြူဖြူဟန်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော မြင်းခြံရိုးမဘဏ် မန်နေဂျာ ဒေါ်နွယ်နွယ်အေးနှင့်ဝန်ထမ်းများ၊ စကားဝါဝန်ထမ်းများ၊ စောင်းကောက်နှင့် ကံပွင့်ဝန်ထမ်းများ၊ ဓမ္မမိတ်ဆွေများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်

**Dr.**ကြည်သာဟိန်း-မဇင်မို့မို့မင်း









**သင့်သွေးဖြင့် အသက်ကယ်ပါ**












**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## မင်္ဂလာညှိခံပွဲကျေးဇူးတင်လွှာ

Washington D.C;U.S.A.နေ
ဦးမောင်မောင်နု(အကောက်ခွန်ဦးစီးမှူး-ငြိမ်း)-ဒေါ်မြင့်မြင့်ဆွေ (OBA Bank, U.S.A.)တို့၏ သားကြီး
မောင်ရဲဝင့်နိုင်
**Microsoft Certified System Engineer**
**Cyber Security Specialist**
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီအိမ်ရာနေ
ဦးသန်းလွင်-ဒုတိယဉက္ကဋ္ဌ(၂)ကမ္ဘောဇဘဏ်လီမိတက် (ဒုတိယဉက္ကဋ္ဌ၊ ဗဟိုဘဏ်-ငြိမ်း)-
ဒေါ်မြင့်မြင့်သန်း (Golden Crown Jewelry Trading)တို့၏ သမီးကြီး
မအေးစန္ဒာလွင်
**B.S. Information Systems (University of Maryland, U.S.A.)**

တို့သည် ၂၀-၂-၂၀၁၃ ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှိခံပွဲ အခမ်းအနားတွင် မင်္ဂလာညှိခံပွဲ မတက်ရောက်နိုင်သော်လည်း၊ အမှတ်တရမင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးခဲ့ကြသော နိုင်ငံတော်အကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အဖွဲ့အစည်းများ၏ အကြီးအကဲများတို့အားလည်းကောင်း၊ မင်္ဂလာညှိခံပွဲအခမ်းအနားတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးခြင်းနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ကမ္ဘောဇဘဏ်လီမိတက်ဉက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဉက္ကဋ္ဌ ဒေါ်နန်းသန်းထွေးတို့အားလည်းကောင်း၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော Naing Group of Companies မှ Chairperson ဦးကျော်နိုင်ဦးနှင့်ဇနီးနှင့်တကွ Naing Groupမှ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ကိုမျိုးမင်းလတ်နှင့် ကိုဟန်ဘိုထွန်း၊ မင်္ဂလာသတို့သမီးအရံ မပန်းအိ သူသူနှင့် မဖြိုးဖြိုး(ခ)Honey တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မနှင်းစုစုလှိုင်၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မနှင်းအိအိလှိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မရှိန်းအိမျိုးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားကြီးအားအစမှအဆုံးအထိ အကောင်းဆုံးစီစဉ်ဆောင်ရွက်ပေးသော အခမ်းအနားမှူး ဒေါ်မြရတနာမိုး အားလည်းကောင်း၊ လက်ဝတ်ရတနာများကို စေတနာဖြင့် ကူညီပေးသော စိန်နန်းတော် (Diamond City)ရတနာဆိုင်မှ April နှင့် Rose တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော Designer မမဥ္ဇူအားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် Video မှတ်တမ်းတင်ပေးသော Seven Picture အဖွဲ့သားများအားလည်းကောင်း၊ မိတ်ကပ်ပြင်ဆင်ပေးသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဒေါ်နွဲ့ယဉ်ဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Spectrum တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များအားလုံးအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးသော Eternal Flowers အားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့် အစားအသောက်များဖြင့် တည်ခင်းညှိခံပေးသော Sedona Hotel ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ တက်ရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာအခမ်းအနားအား မတက်ရောက်နိုင်သော်လည်း၊ မင်္ဂလာလက်ဆောင်များ ပေးပို့ကြသော ဆွေမျိုးမိတ်ဆွေများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ရဲဝင့်နိုင်-မအေးစန္ဒာလွင်




မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်



